The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လကွယ်၊ ဗုဒ္ဓဟူးနေ့ (22-10-2014) (၈၀၀၁)

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် ဘယ်အခါမျှ မပြေငြိမ်းနိုင်ကုန်။ ရန်တို့ မမူခြင်းဖြင့်သာလျှင် ရန်ပြေငြိမ်းနိုင်ကုန်၏။

ဤတရားသဘောကား လောကစဉ်လာ ဓမ္မတာဖြစ်ပေ၏။

(ဓမ္မပဒ)

**မိုးရွာသွန်းမှု**

၂၁-၁၀-၂၀၁၄

မဒေါက်
၃ ဒသမ ၁၉ လက်မ
ထားဝယ်
၁ ဒသမ ၇၅ လက်မ
ရွှေကျင်
၁ ဒသမ ၂၉ လက်မ
လှိုင်းဘွဲ့
၁ ဒသမ ၂၉ လက်မ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးတက်ရောက်ပြီး ပြန်လည်ရောက်ရှိ



**ရန်ကုန် အောက်တိုဘာ ၂၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အီတလီနိုင်ငံ မီလန်မြို့၌ ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတအား ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးသန်းဌေး၊ ဒေါက်တာကိုကိုဦးနှင့် ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံရုံးတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(ဝဲပုံ)**

**ပြန်လည်လိုက်ပါလာ**

နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**

**နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**နေရာကွက်ကျား မိုးရွာမည်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၇၀ ဖြစ်သည်။

# မြစ်တွင်းသွားလာမှုအန္တရာယ် ဝိုင်းဝန်းကာကွယ်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းကျေးရွာ ၁၁ ရွာ၊ ရပ်ကွက်(၄)ရပ်ကွက်မှ ပြည်သူများသည် ရန်ကုန်မြစ်(လှိုင်မြစ်)ကြီးကို နေ့စဉ်ကူးသန်းသွားလာလုပ်ကိုင်စားသောက်နေကြသူများဖြစ်ပြီး မြစ်အတွင်းရေလုပ်သားငါးဖမ်းသမားတို့ ငါးသလောက်ပိုက်နှင့် ဂါးပိုက်များဖြင့် စီးပွားရှာဖွေစားသောက်သူများလည်း ရှိကြသည်။

ယခုအခါ ရန်ကုန်မြစ်(လှိုင်မြစ်)အတွင်း မြစ်လယ်မှ နိုင်ငံခြားသင်္ဘောတစ်စင်းသာထားရှိသော နေရာ၌ ကုန်တွဲသင်္ဘောများ တွဲချည်ရပ်နားနေသည်မှာ ဗားကရာဆိပ်ကမ်းနှင့် နီးကပ်လုနီးပါးဖြစ်နေသည်။ တွဲသင်္ဘော၊ ကုန်တင်သင်္ဘောများသည်

**စာမျက်နှာ ၃ ကော်လံ ၅ သို့**





အတွေးအမြင်

ကြေးမုံစာတည်းရှုထောင့် ၂၂-၁၀-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

# မိဘကျေးဇူး ဆပ်ဖူးစေချင်

အမိနှင့်အဖဆိုရာတွင် မာတာ-ပိတု ဟူသော မာဂဓစကားကို အတိုချုံး၍ မြန်မာလိုပြန်ဆိုထားခြင်းကို "မိဘ" ဟုခေါ်ဆိုလာခဲ့ကြခြင်း ဖြစ်သည်။ "အမိ"သည် သားသမီးတို့ကို ကိုးလလွယ် ဆယ်လတိုင် ဝမ်း၌ သန္ဓေတည်ကာ ဒုက္ခကြီးစွာဖြင့် အသက်နှင့်ရင်းကာ သားသမီးရတနာများကို မွေးဖွားလာခဲ့ကြပြီး နို့စို့အရွယ်မှပင် လူလားမြောက်သည်အထိ မှက်၊ ခြင်၊ ယင်မသန်းရလေအောင် ဘေးအန္တရာယ်အပေါင်းတို့မှ ကင်းဝေးအောင် ကာကွယ်စောင့်ရှောက်မွေးမြူခဲ့ကြရသည်။

မိဘတို့သည် သားသမီးတို့အပေါ် ဥစ္စာအမွေနှင့် ပညာအမွေတို့ကို ပေးနိုင်ဖို့၊ လောကအလယ်တွင် မိမိတို့သားသမီးများ လူတစ်လုံး သူတစ်လုံး နေနိုင်ဖို့၊ စားဝတ်နေရေးပြည့်စုံစေဖို့တို့အတွက် ချွေးတလုံးလုံးဖြင့် ပင်ပန်းကြီးစွာ ရှာဖွေကြရပြီး ရလာသမျှပစ္စည်းဥစ္စာတို့ကိုလည်း "ဥစ္စာအမွေ" အဖြစ်ပေးနိုင်ရန် ကြိုးစားခဲ့ကြသည်။ တစ်ဖက်မှလည်း ထူးချွန်ပြောင်မြောက်သည့် ပညာတတ်ကြီးများဖြစ်လာစေရန်၊ လူ့ကျင့်ဝတ်တရားများ ပိုမိုသိရှိနားလည်စေရန်နှင့်အသိဉာဏ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် ကျောင်းပညာများတတ်မြောက်စေရန် ကျောင်းထားပေးပြီး "ပညာအမွေ"များကိုလည်း ရယူစေခဲ့ပေသည်။ အချို့သော မိဘများက အမွေနှစ်မျိုးလုံးကိုမပေးနိုင်ကြသဖြင့် မိမိတို့တတ်နိုင်သည့်အမွေတစ်မျိုးမျိုးကိုသာ ကြိုးစားရှာဖွေပေးခဲ့ကြသည်။ သို့ကြောင့်လည်း သားသမီးတို့သည် လောကအလယ် တင့်တယ်အောင်၊ ဂုဏ်ရှိအောင် နေထိုင်နိုင်ခဲ့ကြသည်။ မိဘများက "ငါတို့မရှိသည့်နောက် လူ့အောက်မကျပါစေနှင့်"ဟူသော ချစ်ခြင်းမေတ္တာစေတနာများဖြင့် ရှာဖွေစုဆောင်းပေးခဲ့ကြသည့်အပြင် "တောင်းဆိုး ပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိသည်၊ သားဆိုးသမီးဆိုး ပစ်ရိုးထုံးစံမရှိ" ဟူသော စကားပုံနှင့်အညီ မိဘတို့က သားဆိုးသမီးဆိုးများအပေါ် အပြစ်မမြင်ခဲ့ကြ။ သေသည့်တိုင် စိတ်မချနိုင်ဘဲ သူတို့မရှိသည့်နောက်ပိုင်း ပြည့်ပြည့်စုံစုံစားသောက်နေထိုင်သွားနိုင်ရန် ရိက္ခာများပင် ဖြည့်တင်းထားခဲ့ကြသူများမှာ မိဘများဖြစ်သည်။

ဤသို့ဖြင့် မိဘတို့၏ဂုဏ်ကျေးဇူးက ဤမျှကြီးမားကြသဖြင့် သားသမီးအပေါင်းကလည်း မိဘတို့၏ကျေးဇူးကို အထူးသိတတ်ဖို့လိုသလို မိမိတို့တတ်နိုင်သမျှ ပြန်လည်ကျေးဇူးဆပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်။ မိဘတို့၏ကျေးဇူးကား ဆပ်၍ကုန်နိုင်မည်မဟုတ်သော်လည်း မိဘတို့မျက်ကွယ်မပြုမီ ကျေးဇူးဆပ်ကြရမည်။ ကျေးဇူးမဆပ်နိုင်သည့်တိုင် ကျေးဇူးကန်းသော သားသမီးများ မဖြစ်ကြစေချင်။ အချို့သားသမီးတို့သည် ချမ်းသာကြွယ်ဝပြီး ပညာတတ်ကြီးများဖြစ်နေသော်လည်း မိဘတို့ကိုပြန်မကြည့်ကြသည့် သားသမီးများလည်း ရှိကြပေသည်။ မိဘများမသေမီ သက်ရှိထင်ရှားရှိနေချိန်တွင် ကျေးဇူးဆပ်နိုင်အောင် ကြိုးစားကြဖို့လိုပါသည်။ မိဘများကွယ်လွန်သွားပြီးမှ ငါ့မိဘတွေကို ကျေးဇူးမဆပ်လိုက်ရ၊ မပြုစုလိုက်ရပါလားဆိုသည့် နောင်တတရား၊ သံဝေဂတရားတွေ ရနေလျှင်တော့ အကျိုးထူးမည်မဟုတ်ချေ။ မိမိတို့ကို ငယ်စဉ်တောင်ကျေးကလေးဘဝမှအစ လူ့လောကအလယ် ဂုဏ်ဝင့်ထည်စွာဖြင့် မိမိတို့တင့်တင့်တယ်တယ်နေထိုင်လာနိုင်အောင် ကျွေးမွေးပြုစုစောင့်ရှောက်လာခဲ့ကြသည့် မိဘများကို သားသမီးဝတ္တရား ငါးပါးနှင့်အညီ ကျေးဇူးဆပ်ကြရမည်ဖြစ်သည်။

သို့ပါ၍ ဤမျှကျေးဇူးကြီးမားလှသော မိဘများကို သားသမီးများက လောကီကျေးဇူးတို့ဖြင့် ဆပ်မကုန်နိုင်ခဲ့ပါက လောကုတ္တရာသံသရာတမလွန် ကျေးဇူးတို့ဖြင့် ဆပ်ကြရမည်။ မိဘတို့၏ ကောင်းကျိုးကို သယ်ပိုးရွက်ဆောင်ကြရမည်။ အကုသိုလ်အပြစ်ဘေးမှ ကင်းဝေးစေဖို့ကြိုးပမ်းကြရမည်။

မိဘတို့အပေါ် "အဇာတသတ်မင်း"ကဲ့သို့ ကျေးဇူးကန်းသူမဖြစ်စေဘဲ "သုဝဏ္ဏသျှံမင်းသား"ကဲ့သို့ မိဘတို့၏ကျေးဇူးကို အထူးသိတတ်ရမည်။ အသက်ထက်ဆုံးတိုင် မိဘတို့အနီး၌ ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်ကို နေ့ညမပြတ်လုပ်ကျွေးကာ ကျေးဇူးဆပ်သည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများကဲ့သို့ မိဘကျေးဇူးဆပ်ဖူးကြစေချင်ကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ရပါသည်။ ။



# ဥပဒေပြုရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌအဖွဲ့ဝင်များနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ယမန်နေ့ညနေပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ် (I-2) ဥပဒေကြမ်း ကော်မတီအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အဖွဲ့ဝင် ဒေါ်နန်းဝါနု၊ ဦးသောင်း၊ ဦးစတီဖန်၊ ဦးစိုးစိုး၊ ဦးခင်မောင်ညို၊ ဦးခင်မောင်ရွှေ၊ ဦးစိုးရယ်၊ ဦးသိန်းထွန်းဦး၊ ဒေါက်တာစိုးမိုးအောင်၊ ဦးအောင်မြသန်းတို့နှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးတင်ဝင်း၊ ဦးဆန်းလင်း၊ ဒေါ်သန်းသန်းရီ၊ ဒေါ်မြမြဝင်းနှင့် ဒေါ်သင်းခိုင်တို့က ဥပဒေပြုရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# မျက်စိဆရာဝန်ညီလာခံ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံဆရာဝန်အသင်း မျက်စိဆရာဝန်အဖွဲ့က ကြီးမှူးကျင်းပမည့် (၂၆)ကြိမ်မြောက် မျက်စိဆရာဝန်များ ညီလာခံအခမ်းအနားကို နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများသည် အောက်တိုဘာ ၃၀ ရက်မှစ၍ ရန်ကုန်မျက်စိဆေးရုံကြီး၌ ရုံးချိန်အတွင်း လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂၁**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၂၅၀၀ | - | ၆၆၃၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၂၃၀၀ | - | ၆၆၃၃၀၀ |

**စက်သုံးဆီဈေးနှုန်း**


| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၉၉၄. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၇၁. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၆၂. ၃၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၀. ၈၀၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅. ၀၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၂၃၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၃၀. ၅၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၄. ၂၃၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၇၃. ၆၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၈၃. ၁၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**







# လတ်တလောဖြစ်ပေါ်နေသည့် သတင်းမီဒီယာအရေးကိစ္စများအား အဖြေရှာရန် မြန်မာဂျာနယ်လစ်ကွန်ရက်(MJN)နှင့် ပြန်ကြားရေးဝန်ကြီးတို့ ဆွေးနွေးမှုများပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၁**



ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် မြန်မာနိုင်ငံ ဂျာနယ်လစ်ကွန်ရက်ရုံးတွင် သတင်းမီဒီယာသမားများနှင့် တွေ့ဆုံဖြေကြားစဉ်။ (သတင်းစဉ်)

လူငယ်စာနယ်ဇင်းသမား အများစုဖြင့် ဖွဲ့စည်းထားသော မြန်မာဂျာနယ်လစ်ကွန်ရက် (MJN)နှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်တို့သည် ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ MJN ရုံးခန်း၌ ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ကြပြီး လတ်တလောဖြစ်ပေါ်နေသည့် သတင်းမီဒီယာ အရေးကိစ္စများကို အဖြေရှာရန် ဆွေးနွေးခဲ့သည်။

လတ်တလောတွင် ဥပဒေကြောင်းအရ တရားရင်ဆိုင်နေရသည့် သတင်းမီဒီယာသမားများအရေးကိစ္စ၊ သတင်းမီဒီယာသမားများ၊ ဝန်ကြီးဌာနများတွင် သတင်းအချက်လက်များ ရယူရာတွင် ကြုံတွေ့ရသည့် အခက်ခဲများ ဖြေရှင်းရန်နှင့် သတင်းမီဒီယာသမားများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စများကို အဓိကထား ဆွေးနွေးခဲ့ကြသည်ဟု MJN ၏ အထွေထွေ အတွင်းရေးမှူးဖြစ်သူ ဦးမြင့်ကျော်က ပြောသည်။

မကြာသေးမီအချိန်က Bi မွန်းတည့်နေ သတင်းထောက် သုံးဦးနှင့် ပိုင်ရှင်တို့ ထောင်ဒဏ် နှစ်နှစ်စီ ပြစ်ဒဏ်ကျခံခဲ့ရသည့်ကိစ္စအပေါ် သတင်းမီဒီယာသမားများအနေဖြင့် စိုးရိမ်ပူပန်မှုများရှိနေကြောင်း မြန်မာဂျာနယ်လစ်ကွန်ရက် (MJN)က တင်ပြဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

Bi မွန်းတည့်နေကိစ္စတွင် မီဒီယာများ၏ အမြင်၊ တရားစီရင်ရေး၏ အမြင် နှစ်ဖက်အမြင်များ၏ လွဲမှားမှုများအား ဆွေးနွေးခဲ့ပြီး "ကောင်းတဲ့ရလဒ်တစ်ခု ရမယ်လို့ မျှော်လင့်ထားပါတယ်။ အဓိကကတော့ သမ္မတကို တင်ပြပေးမယ်လို့ ဝန်ကြီးက ကတိပေးသွားတယ်"ဟု MJN ၏ လူမှုရေးကော်မတီအဖွဲ့ဝင် ဒေါ်ရွှေမှုန်က ဆွေးနွေးမှုအပြီး မီဒီယာရှင်းလင်းပွဲတွင် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က "တင်ပြတယ်ဆိုရာမှာ တရားစီရင်ရေးကိုတော့ ဝင်ရောက်စွက်ဖက်လို့ မရဘူးပေါ့။ တရားရုံးကိစ္စတွေ ပြီးတဲ့အခါမှာတော့ ဒီကိစ္စတွေကို စဉ်းစားပေးနိုင်တဲ့ အခွင့်အာဏာ သမ္မတမှာရှိတာပေါ့။ ဒီသတင်းစကားကိုတော့ ကျွန်တော်သမ္မတကြီးကို ရှင်းပြပေးမှာပါ"ဟု ပြောသည်။

ဝန်ကြီးဌာနများတွင် သတင်းမီဒီယာသမားများ သတင်းရယူရန် အခက်အခဲရှိနေပါက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) သို့မဟုတ် မြန်မာဂျာနယ်လစ်ကွန်ရက် (MJN) ကဲ့သို့သော အဖွဲ့အစည်းများမှတစ်ဆင့် ပြန်ကြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားပါက ဝန်ကြီးဌာနမှ ဝင်ရောက်ညှိနှိုင်းပေးမည် ဖြစ်သည်။ ထို့ပြင် ဌာနဆိုင်ရာသတင်းများ ရယူနိုင်ရန်ဌာနဆိုင်ရာအလိုက် သတင်းပြန်ကြားရေးရုံးများ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည်ဟု ဦးမြင့်ကျော်ထံမှ သိရသည်။

၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးရဲထွဋ်အား တာဝန်ပေးအပ်ခြင်းကို သဘောတူညီခဲ့ပြီးနောက် နိုင်ငံတော်သမ္မတရုံးမှ အမိန့်အမှတ်(၁၈/၂၀၁၄)ဖြင့် တာဝန်ပေးအပ်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်လက်ခံပြီးနောက် အစိုးရဌာနများနှင့် စာနယ်ဇင်းများအကြား(စတုတ္ထမဏ္ဍိုင်အကြား) ကျင့်ဝတ်နှင့် အပြန်အလှန်လေးစားမှုကို အခြေခံကာကောင်းမွန်သည့် မီဒီယာဆက်ဆံရေးတည်ဆောက်ရန် အရေးကြီးဆုံးလုပ်ငန်းအနေဖြင့် ဆောင်ရွက်သွားမည်ဟု ၎င်း၏လူမှုကွန်ရက် ဖေ့စ်ဘွတ်စာမျက်နှာတွင် ပြောကြားထားသည်။

ဝန်ကြီးသက်တမ်း (၂)လကျော်အတွင်း ၎င်း၏ ဆောင်ရွက်နိုင်မှုနှင့် ပတ်သက်၍ MJN နှင့်တွေ့ဆုံမှုအပြီး မေးခွန်းထုတ်ရာတွင် ပြန်ကြားရေးဝန်ကြီး ဦးရဲထွဋ်က "အစိုးရဌာနဆိုင်ရာတွေနဲ့ စတုတ္ထမဏ္ဍိုင် ချိတ်ဆက်ဖို့ ကြိုးစားတဲ့နေရာမှာ အခု လုပ်ခဲ့တဲ့ မဏ္ဍိုင်လေးရပ် ဆွေးနွေးပွဲရှိတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ စာနယ်ဇင်းကောင်စီ(ယာယီ) ဆွေးနွေးတာတွေ ရှိတယ်။ နှစ်ဖက်လုံး ပြုပြင်ရမှာတွေရှိတယ်။ စာနယ်ဇင်းသမားတွေဘက်ကလည်း ပြုပြင်ရမှာတွေ ရှိတယ် ဆိုတာလက်ခံတယ်။ ဝန်ကြီးဌာနတွေ ဘက်ကလည်း သူတို့အနေနဲ့ ပြုပြင်ပြောင်းလဲရမှာ ဆိုတာတွေ လက်ခံတယ်။ ကျွန်တော် ဒီနေရာ (MJN ရုံး)ရောက်တာပဲကြည့်လေ" ဟု ပြန်လည်ဖြေကြားသည်။

**သတင်း » ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊**
**ဓာတ်ပုံ » ဇော်မင်းလတ်**

---

**❑ ရွှေဖုံးမှ**

ရေလယ်မှသွားရမည့် လမ်းကြောင်းပျောက်နေသလို ကမ်းဘေးသွားလာရေးမှာလည်း မလွတ်မလပ် ရှိနေကြပါကြောင်း၊ အစုန်အဆန် ကုန်ကဲ့သင်္ဘော၊ မော်တော်ငယ်များအန္တရာယ်များပုံကို ကြားသိရပါသည်။ ထို့အတူ လူတင်သည့် စက်တပ်ရေယာဉ်မောင်းသူတို့ကလည်း မိမိတို့မှာ လမ်းကြောင်းမရှိ လမ်းကြောင်းပျောက်နေပါကြောင်း၊ တွဲသင်္ဘောအထပ်များစွာရပ်ထားကြသလို ဟိုတစ်စင်း သည်တစ်စင်း ကျောက်ပေါက်နားနေသော သင်္ဘောများအန္တရာယ်နှင့် ခရီးသည် စက်တပ်ရေယာဉ်လမ်းကြော၊ သဲစုပ်သော သဲစုပ်စက်လှေတို့ကတစ်ဖုံ၊ သို့ပါ၍ အန္တရာယ်ကင်းရှင်းအောင် သက်ဆိုင်ရာက မျက်ခြည်မပြတ်ကြပ်မတ်ပေးစေလိုပါကြောင်း ကြားသိရသည်။ **(ရွှေတိုင်လွင်)**

---

## ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် အောက်တိုဘာ ၂၁**

ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)၏ စေတနာ့ဝန်ထမ်းဆောင်ရွက်မှုအစီအစဉ်များကို ပြန်လည်သုံးသပ်ဆွေးနွေးရန်နှင့် စေတနာ့ဝန်ထမ်း အကူအညီပေးရေးအစီအစဉ်ပါ လုပ်ငန်းနယ်ပယ်များ တိုးမြှင့်နိုင်ရန်၊ လုပ်ငန်းဆောင်ရွက်ချက်များ တိုးတက်အောင်မြင်ရန်ရည်ရွယ်၍ ယင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေး (၂၀၁၄)ကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်တွင် အောက်တိုဘာ ၁၇ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ဝန်ကြီးဌာနများရှိ အဖွဲ့အစည်းအသီးသီးတွင် ပါဝင်အားဖြည့်ကူညီနေသော ကိုရီးယားစေတနာ့ဝန်ထမ်းအဖွဲ့ခေါင်းဆောင်များ၏ အကူအညီပေးရေးအစီအစဉ်များ၊ အတွေ့အကြုံများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် စေတနာ့ဝန်ထမ်းတစ်ဦးဖြစ်သူ Ms.Hwang Ahreum က ဆေးသုတေသနဌာန(အောက်မြန်မာပြည်)တွင် ပါဝင်လုပ်အားပေးခဲ့သည့် အတွေ့အကြုံများကိုလည်းကောင်း၊ ဝန်ကြီးဌာနများ၏အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက စေတနာ့ဝန်ထမ်းအဖွဲ့များ ပါဝင်လုပ်အားပေးခြင်း၏အကျိုးရလဒ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

KOICA သည် ၁၉၉၈ ခုနှစ်မှစ၍ စေတနာ့ဝန်ထမ်းအင်အား ၂၀၀ ကျော်ဖြင့် ကူညီပေးရေးဆိုင်ရာအစီအစဉ်များ စတင်ခဲ့ပြီး မြန်မာနိုင်ငံ၏ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေး၊ အားကစားအင်ဂျင်နီယာနှင့် နည်းပညာကဏ္ဍများပါဝင်သော ဝန်ကြီးဌာန ၁၀ ခုတွင် အကြံပေးပညာရှင်ခြောက်ဦး၊ စေတနာ့ဝန်ထမ်း ၇၉ ဦးတို့ဖြင့် ပါဝင်အားဖြည့်ကူညီလျက်ရှိကြောင်း သိရသည်။ **(မိုးသူ)**

---

## လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် ထောက်ပံ့

**နေပြည်တော် အောက်တိုဘာ ၂၁**


လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသော ဖျာပုံခရိုင်အတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် လူမှုရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲအခမ်းအနား၌ အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများနှင့် အရင်းမပျောက်အသေးစား မတည်ချေးငွေများဆောင်ရွက်ရန် ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်များအတွက် တစ်မြို့နယ်လျှင် ၂၅ သိန်းကျပ်စီနှင့် မီးစက်များ ပြုပြင်ထိန်းသိမ်းရန် ၁၂ သိန်း စုစုပေါင်း ၁၁၂ သိန်းကျပ်ကို ထောက်ပံ့ပေးအပ်သည်။ ထို့နောက် လိပ်ဥကုန်းဘုန်းတော်ကြီးကျောင်း၌ ငါးနှစ်အောက်ကလေး ၃၀၀ကို နွားနို့နှင့် မုန့်များတိုက်ကျွေးကာ ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာ၌ ဘိုးဘွားများကို လှူဖွယ်ပစ္စည်းများ ထောက်ပံ့ပေး၍ အားပေးစကားပြောကြားသည်။ ယင်းနောက် ဖျာပုံမြို့ မူကြိုကျောင်း၌ ကလေးများအား နွားနို့နှင့် မုန့်များတိုက်ကျွေးပြီး အိမ်တွင်းမှုလုပ်ငန်းပညာသင်ကျောင်း၌ စက်ချုပ်သင်တန်းဖွင့်လှစ်ထားမှုကို ကြည့်ရှုသည်။

အောက်တိုဘာ ၁၇ ရက်တွင် ရန်ကုန်မြို့ သက်ကြီးဝါကြီးများနေ့ပိုင်းစောင့်ရှောက်ရေးဌာန(Day Care Center for the Aged)၌ ဘိုးဘွားများကို လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**











နီပေါနိုင်ငံ၌ တည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ် ထုတ်လုပ်ရေးစီမံကိန်း မှတ်တမ်းပုံ။

# လျှပ်စစ်ဓာတ်အား တင်ပို့ရောင်းချရေး သဘောတူညီချက် နီပေါနှင့် အိန္ဒိယ လက်မှတ်ရေးထိုး

**ခတ္တမန္ဒူ အောက်တိုဘာ ၂၁**

နီပေါနှင့် အိန္ဒိယနိုင်ငံတို့သည် လျှပ်စစ်ဓာတ်အား တင်ပို့ရောင်းချရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို အောက်တိုဘာ ၂၁ ရက်တွင် လက်မှတ်ရေးထိုးလိုက်ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

နီပေါနိုင်ငံ၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို လက်ခံရန် လမ်းဖွင့်ပေးသည့်အနေဖြင့် ယင်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

နီပေါစွမ်းအင်ဝန်ကြီးဌာနအတွင်းဝန် ရာဂျန်ဒရာကစ်ရှိဟိုးကာရှာထရီနှင့် အိန္ဒိယလျှပ်စစ်ဓာတ်အားဝန်ကြီးဌာန အတွင်းဝန် ပရာဒီးကူးမားရှင်ဟာတို့သည် မြို့တော်ခတ္တမန္ဒူတွင် အဆိုပါသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ သဘောတူညီချက်အရ ၂၅ နှစ်ကာလအတွင်း လျှပ်စစ်ဓာတ်အား ရောင်းချခြင်းနှင့် ဝယ်ယူခြင်းတို့ကို အခြေအနေ၏ လိုအပ်ချက်နှင့်အညီ လုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။

သဘောတူညီချက်အရ နီပေါနိုင်ငံက အိန္ဒိယနိုင်ငံသို့ စွမ်းအင်ထုတ်ကုန်တင်ပို့သည့်နိုင်ငံအဖြစ် တရားဝင်အသိအမှတ်ပြုသည်။

လျှပ်စစ်ဓာတ်အား ပို့လွှတ်ရောင်းချခြင်း၊ နှစ်နိုင်ငံအကြား မဟာဓာတ်အားလိုင်းများ ချိတ်ဆက်ခြင်း၊ နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အားပေးပို့ခြင်းတို့ကို ဆောင်ရွက်ရန် သဘောတူညီချက်တွင် ခွင့်ပြုပေးထားသည်။**ဆင်ဟွာ။**



# ဟောင်ကောင် ဆန္ဒပြခေါင်းဆောင်များနှင့် တာဝန်ရှိသူများ ဆွေးနွေးမည်

**ဟောင်ကောင် အောက်တိုဘာ ၂၁**

ဟောင်ကောင်၌ ဒီမိုကရေစီလိုလားသူများ၏ ဆန္ဒပြပွဲများဖြစ်ပွားမှု စတုတ္ထရက်သတ္တပတ်အတွင်း ဝင်ရောက်လာချိန်တွင် ဒေသန္တရအစိုးရအဖွဲ့က ဆန္ဒပြကျောင်းသားများ၏ ခေါင်းဆောင်များနှင့် အောက်တိုဘာ ၂၁ ရက်တွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

၂၀၁၇ခုနှစ်တွင် ဟောင်ကောင်၌ကျင်းပမည့် အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲ၌ ပြည်သူများအနေဖြင့် လွတ်လပ်စွာမဲပေးခွင့်ရရှိရန် ကျောင်းသားခေါင်းဆောင်များက လိုလားကြသည်။

ဆန္ဒပြသူများသည် ဟောင်ကောင်ရှိ အဓိကကျသော နေရာဒေသများကို ပိတ်ဆို့ထားဆဲဖြစ်သော်လည်း ဆန္ဒပြသူအင်အားမှာ ယခုအခါ ကျဆင်းသွားပြီဖြစ်သည်။ သို့ရာတွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုအတွက် ကာလရှည် ဆောင်ရွက်ရမည်ဆိုသောအချက်ကို အာဏာပိုင်များအား ပြသနိုင်ရန် ဖွဲ့နည်းဖြင့် ဆက်လက်ဆန္ဒပြသူများရှိနေသည်။

ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ဗဟိုအစိုးရက ပြန်လည်သုံးသပ်ပေးရန် ဆန္ဒပြသူများက တောင်းဆိုထားကြသည်။ **ပီတီအိုင်။**

# မော်စကိုမြို့၌ လေယာဉ်ပျက်ကျမှုကြောင့် တိုတယ်လ်ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ကွယ်လွန်

**မော်စကို အောက်တိုဘာ ၂၁**

ပြင်သစ်နိုင်ငံမှ ရေနံကုမ္ပဏီဖြစ်သော တိုတယ်လ်ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ခရစ္စတိုဖာဒီမာဂရီယေးသည် အောက်တိုဘာ ၂၁ ရက်က ရုရှားနိုင်ငံမော်စကိုမြို့တွင် လေယာဉ်ပျက်ကျမှုကြောင့် ကွယ်လွန်သွားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဒီမာဂရီယေးနှင့်အဖွဲ့ စီးနင်းလာသော ပုဂ္ဂလိကဂျက်လေယာဉ်သည် မော်စကိုလေဆိပ်၌ ဆီးနှင်းခဲ ရှင်းလင်းရေးယာဉ်နှင့် အရှိန်ပြင်းစွာတိုက်မိပြီး လေယာဉ်မီးလောင်ခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် လေယာဉ်ပေါ်ပါ လူလေးဦးစလုံး သေဆုံးခဲ့ရသည်။

ဆီးနှင်းခဲရှင်းလင်းရေးယာဉ် မောင်းနှင်သူမှာ အရက်သေစာသောက်စားထားသည်ဟု ရုရှားစုံစမ်းစစ်ဆေးသူများက ပြောကြားကြသည်။

ဥရောပတိုက်၏ တတိယအကြီးဆုံး ရေနံလုပ်ငန်းကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ရာထူးတွင် ၂၀၀၇ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သူ မစ္စတာဒီမာဂရီယေးသည် သေဆုံးချိန်တွင် အသက် ၆၃ နှစ်ရှိပြီ ဖြစ်သည်။

ပြင်သစ်နိုင်ငံသည် ထူးချွန်သော စီးပွားရေးခေါင်းဆောင်တစ်ဦးကို ဆုံးရှုံးခဲ့ရကြောင်း၊ ၎င်းသည် တိုတယ်လ်ရေနံကုမ္ပဏီအား ကမ္ဘာပေါ်တွင် ကြီးမားသော လုပ်ငန်းကြီးအဖြစ် ပြောင်းလဲစေနိုင်သူဖြစ်ကြောင်း ပြင်သစ်ဝန်ကြီးချုပ်က ပြောကြားသည်။

ဒီမာဂရီယေး သေဆုံးခြင်းအတွက် ဝမ်းနည်းကြောင်း သမ္မတပူတင်က ပြောကြားသည်။

**ရိုက်တာ။**



လေယာဉ်ပျက်ကျမှုကြောင့် ကွယ်လွန်ခဲ့ရသူ တိုတယ်လ်ကုမ္ပဏီ အမှုဆောင်အရာရှိချုပ်(ယာ) မှတ်တမ်းပုံ။

# ကိုဘာနီတွင် တိုက်ပွဲများပြင်းထန်၊ အရပ်သားများ ထွက်ပြေးကြရ

**အန်ကာရာ အောက်တိုဘာ ၂၁**

နှစ်ရက်ကြာမျှ ငြိမ်သက်နေပြီးသည့်နောက် ဆီးရီးယားနှင့် တူရကီနယ်စပ်မြို့ ကိုဘာနီ၏မြောက်ဘက်တွင် တိုက်ပွဲများ ပြင်းထန်စွာပြန်ဖြစ်လာကြောင်း ယနေ့ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ကာ့ဒ်တိုက်ခိုက်ရေးသမားများကို အစ္စလာမ့်စ်နိုင်ငံ (အိုက်အက်စ်)စစ်သွေးကြွများက စစ်မျက်နှာအားလုံးမှ ထိုးစစ်ဆင်လာသဖြင့် တိုက်ပွဲများ ပြင်းထန်လာခဲ့သည်ဟု လှုပ်ရှားတက်ကြွသူများက ပြောသည်။

ထိုစဉ်အတွင်း အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က ကိုဘာနီမြို့ဝန်းကျင်၌ အိုက်အက်စ်စစ်သွေးကြွများကို တနင်္ဂနွေနေ့နှင့် တနင်္လာနေ့များတွင် လေကြောင်းမှ ခြောက်ကြိမ်တိုက်ခိုက်ခဲ့သည်ဟု ပြောသည်။ လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်းတွင် အိုက်အက်စ်စစ်သွေးကြွများ၏ တိုက်ခိုက်ခြင်းများကြောင့် ကိုဘာနီမြို့မှ အရပ်သားများ ထွက်ပြေးခဲ့ကြရသည်။

အီရတ်နိုင်ငံ ကာဒစ္စတန်ဒေသမှ ပရက်ချ်မာဂါ တိုက်ခိုက်ရေးသမားများကို အိုက်အက်စ်တို့အား တိုက်ခိုက်ရန်အတွက် ဆီးရီးယားနိုင်ငံသို့ ဝင်ခွင့်ပြုလိုက်ကြောင်း တူရကီနိုင်ငံက ပြောကြားပြီးနောက် တိုက်ပွဲများ ထပ်မံဖြစ်လာခြင်းဖြစ်သည်။

ယင်းသို့ခွင့်ပြုပေးလိုက်သဖြင့် ကိုဘာနီ ခုခံရေးသမားများသည် စိတ်ဓာတ်တက်ကြွလာပြီး တိုက်ခိုက်ရေးစွမ်းရည်များလည်းတက်လာကြောင်း ဘီဘီစီသတင်းထောက်က နယ်စပ်မှ ပြောကြားသည်။ **ဘီဘီစီ။**

အောက်တိုဘာ ၂၀ ရက်က ဝန်ကြီးအိုဘူချီ ရာထူးမှနုတ်ထွက်ကြောင်း သတင်းစာရှင်းလင်းပွဲ၌ ထုတ်ပြန်ကြေညာစဉ်။



# ဂျပန်အစိုးရအဖွဲ့ဝင် ဝန်ကြီးနှစ်ဦး နုတ်ထွက်

**တိုကျို အောက်တိုဘာ ၂၁**

ဂျပန်အစိုးရအဖွဲ့တွင် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ယူကိုအိုဘူချီ ရာထူးမှနုတ်ထွက်ပြီးနောက် နာရီပိုင်းအကြာတွင် တရားရေးဝန်ကြီး မိဒိုရီမတ်ဆုရှိမာလည်း နုတ်ထွက်သွားကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ရွေးကောက်ပွဲဥပဒေချိုးဖောက်ခဲ့သည်ဟု မစ္စမတ်ဆုရှိမာကို အတိုက်အခံများက စွပ်စွဲခဲ့ကြသည်။

မစ္စအိုဘူချီသည်လည်း ၎င်းအား ထောက်ခံသော နိုင်ငံရေးအုပ်စုများ၏ ရန်ပုံငွေနှင့် အခြားလှူဒါန်းငွေများကို အလွဲသုံးစားပြုလုပ်ခဲ့သည်ဟု စွပ်စွဲကြသည်။

အစိုးရအဖွဲ့ထိပ်တန်းရာထူးနေရာတို့တွင် အမျိုးသမီးများအား ပိုမိုခန့်ထားရန် ဆန္ဒရှိနေသည့် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအတွက် အဆိုပါဝန်ကြီးနှစ်ဦး၏ နုတ်ထွက်မှုက အရေးပါသော ထိုးနှက်ချက်တစ်ရပ်ဖြစ်သည်။

အဆိုပါအမျိုးသမီးနှစ်ဦးကို ဝန်ကြီးရာထူးများ၌ ခန့်အပ်ခဲ့သည့်အတွက် ၎င်းမှာသာ တာဝန်ရှိကြောင်း ပြောကြားပြီးနောက် ချက်ချင်းအစားထိုးခန့်အပ်မည်ဟု အာဘေးက ပြောသည်။

အမျိုးသမီးနှစ်ဦးလုံးသည် ၎င်း၏ ရှေးရိုးစွဲ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီဝင်များ ဖြစ်ကြသည်။

မစ္စအိုဘူချီ(၄၀နှစ်)သည် အာဘေး၏ အစိုးရအဖွဲ့ အပြောင်းအလဲတွင် ခန့်အပ်လိုက်သည့် အမျိုးသမီးငါးဦးအနက်မှ တစ်ဦးဖြစ်ပြီး အနာဂတ်အမျိုးသမီးဝန်ကြီးချုပ်အဖြစ် တစ်ပြေးနေသူဖြစ်သည်။ **ဘီဘီစီ။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ရွေးကောက်ပွဲဆိုင်ရာ ပူးပေါင်းညှိနှိုင်းမှုဆိုင်ရာအစည်းအဝေး ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ပူးပေါင်းညှိနှိုင်းမှုဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ပန်ဒါဟိုတယ်၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက အမှာစကား ပြောကြားရာ၌ ယနေ့ပြုလုပ်သော အစည်းအဝေးသည် ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ပြုလုပ်ရမည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခြင်း ဖြစ်ကြောင်း၊ ပြည့်စုံမှန်ကန်သော မဲစာရင်းကောက်ခံရရှိရေးတွင် မည်သို့ ဆောင်ရွက်မည်၊ ရွေးကောက်ပွဲအတွက် ပြည်သူများနှင့် မဲဆန္ဒရှင်များအား အသိပညာပေးရေးဆောင်ရွက်ရာတွင် ပြီးပြည့်စုံသော အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်မည် မဟုတ်သဖြင့် မဲဆန္ဒရှင် အသိပညာပေးရေး လုပ်ငန်းမည်သို့ ဆောင်ရွက်မည်၊ အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံဝန်ထမ်းများအား မည်သို့လေ့ကျင့်ပေးမည်၊ အေးချမ်းမျှတစွာ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ မည်သို့ဆောင်ရွက်မည်၊ မဲပေးရာတွင် ကြိုတင်မဲများ ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်မည့်စနစ်များ၊ ပယ်မဲများ မဖြစ်စေရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မဲရေတွက်ရာတွင် ပွင့်လင်းမြင်သာစွာ သက်သေများနှင့် မဲဆန္ဒရှင်များ ရှေ့မှောက်တွင် ရေတွက်ခြင်း လုပ်ငန်းများ စသည်ဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအား ဆွေးနွေးသွားမည်ဖြစ်၍ တက်ရောက်လာသော ပါတီများအနေဖြင့်လည်း ဝိုင်းဝန်းဆွေးနွေးသွားကြရန်နှင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်က ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၈) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ် ဥပဒေတွင်ပါရှိသည့်စကားရပ် အစားထိုးခြင်း၊ ဖြည့်စွက်ခြင်းများကိုလည်း နိုင်ငံရေးပါတီများမှ လိုက်နာဆောင်ရွက်ကြစေရန် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အနေဖြင့် အုပ်စုငယ်များခွဲ၍ မဲဆွယ်စည်းရုံးရာတွင် လိုက်နာဆောင်ရွက်သင့်သည် စည်းကမ်းများ၊ နိုင်ငံရေးပါတီများ လိုက်နာသင့်သည့် ကျင့်ဝတ်များ၊ နိုင်ငံရေးပါတီများ၏ ရန်ပုံငွေဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များအား ဝိုင်းဝန်းဆွေးနွေး အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားရာတွင် နိုင်ငံရေးပါတီများအနေဖြင့် တက်ကြွစွာ ဆွေးနွေးသွားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံရေးပါတီများမှ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး လွှတ်တော်အတွင်းရောက်ရှိပါက ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည့်ပုဂ္ဂိုလ်များ ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ အာဏာသုံးရပ်ကို တာဝန်ယူရမည့် ပုဂ္ဂိုလ်များ အနေဖြင့် စီးပွားရေးအမြင်၊ အုပ်ချုပ်ရေး အမြင်၊ လုံခြုံရေးအမြင်၊ နိုင်ငံရေးအမြင်တို့သာမက နိုင်ငံတကာ အမြင်ပါရှိရန် လိုအပ်ကြောင်း၊ နိုင်ငံရေးပါတီများ အနေဖြင့် ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များကိုလည်း သိရှိအောင် လေ့လာထားစေလိုကြောင်း၊ နိုင်ငံရေးပါတီအချင်းချင်း အပြန်အလှန် ထိန်းကျောင်းစေလိုကြောင်း၊ ဥပဒေ၏ အကာအကွယ်ကိုလည်း ရယူ၍ ဆောင်ရွက်ကြစေလိုကြောင်း၊ ကောင်းသော အကြံဉာဏ်များရှိလျှင်လည်း အကြံပြုကြပါရန်နှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် နိုင်ငံရေးပါတီများက ပူးပေါင်းဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာရွေးကောက်ပွဲစနစ်များဆိုင်ရာ ဖောင်ဒေးရှင်း (IFES) နှင့် INGO သုံးဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။**(အပေါ်ပုံ)**

**(သတင်းစဉ်)**

# အမျိုးသားမြေအသုံးချမှုမူဝါဒ ပဉ္စမမူကြမ်း အပြီးသတ်ရေးဆွဲပြီး မူကြမ်းအပေါ် အများပြည်သူသုံးသပ်အကြံပြုနိုင်ရန် ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး၌ တိုက်ရိုက်ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပသွားမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

မြေအသုံးချမှုနှင့် ခွဲဝေချထားမှုစိစစ်ရေးကော်မတီက ရေးဆွဲဆောင်ရွက်နေသည့် အမျိုးသား မြေအသုံးချမှု မူဝါဒမူကြမ်း ပဉ္စမမူကြမ်းအထိ အပြီးသတ်ရေးဆွဲပြီးဖြစ်ကြောင်း အမျိုးသားမြေအသုံးချမှု မူကြမ်းအပေါ် အကြံပြုချက်ရယူခြင်းဆိုင်ရာ ဆွေးနွေးပွဲမှ သတင်းရရှိသည်။

အဆိုပါ ရေးဆွဲပြီး မူကြမ်းအပေါ် အများပြည်သူတို့ တွင်တွင်ကျယ်ကျယ် သိရှိပြီး ပါဝင်သုံးသပ်အကြံပြုနိုင်ရန်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး၌ အများပြည်သူပါဝင်သော တိုက်ရိုက်ညှိနှိုင်း ဆွေးနွေးပွဲများကို လာမည့် နိုဝင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၈ ရက်က ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပခဲ့သည့် အမျိုးသားမြေအသုံးချမှု မူဝါဒအပေါ် အကြံပြုချက်များရယူခြင်း ဆွေးနွေးပွဲတွင် မြေအသုံးချမှုနှင့် ခွဲဝေချထားမှု စိစစ်ရေးကော်မတီ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တစ်နိုင်ငံလုံးရှိ မြေယာများကို စနစ်တကျ စီမံခန့်ခွဲနိုင်ရေးနှင့် လက်ရှိနှင့် အနာဂတ် စီမံခန့်ခွဲမှုဆိုင်ရာများတွင် တိကျသော မြေအသုံးချမှု မူဝါဒရေးဆွဲနိုင်ရေး၊ မြေယာအငြင်းပွားမှုပြဿနာများ ဖြေရှင်းနိုင်ရေးနှင့် မြေယာဥပဒေခေတ်နှင့်အညီဖြစ်စေရေးအပါအဝင် အမျိုးသားမြေအသုံးချမှု မူဝါဒမူကြမ်း ရေးဆွဲလျက်ရှိရာ ပဉ္စမမူကြမ်းကို ယခုနှစ် စက်တင်ဘာလအတွင်း ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရသည်။ လာမည့် နိုဝင်ဘာလအတွင်းတွင် အဆိုပါ မူကြမ်းအပေါ် အများပြည်သူ ပါဝင်ဆွေးနွေးမှုများနှင့် အကြံပြုချက်များရရှိရန် ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံးတွင် တိုက်ရိုက်ညှိနှိုင်းဆွေးနွေးမှုများကို ပြုလုပ်သွားမည်ဖြစ်သည်။ ဆွေးနွေးမှုများမှ ရရှိလာသော အချက်အလက်များ၊ အကြံပြုချက်များကို အခြေခံပြီး မူဝါဒအပေါ် ပြန်လည်ပြင်ဆင်ရေးဆွဲသွားမည်ဖြစ်ပြီး အမျိုးသားအဆင့် မူကြမ်းကို ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းမှ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသွားမည်ဟု သိရသည်။


လက်ရှိရေးဆွဲပြီးဖြစ်သော အမျိုးသားမြေအသုံးချမှု မူဝါဒမူကြမ်းအား အစိုးရက တရားဝင်အတည်မပြုမီ အများပြည်သူ ပိုမိုသိရှိနားလည်ရန် လိုအပ်ပြီး အများပြည်သူ ပါဝင်ဆွေးနွေးမှုများ၊ လူမှုအဖွဲ့အစည်းနှင့် လယ်သမားများ အပါအဝင် မူဝါဒမူကြမ်းအပေါ် သဘောထားပေး ပါဝင်ဆွေးနွေးရန်နှင့် အကြံပြုချက်များပေးရန် မြေအသုံးချမှုနှင့် ခွဲဝေချထားမှု စိစစ်ရေးကော်မတီက ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။

**(အိရွှေစင်)**









# ဧရာဝတီမြစ်ကမ်းပေါ်မှ ဗိုခံ့နောက်ဆိုင်ခံတပ်များ

မောင်သာ
(ရှေးဟောင်းသုတေသန)

ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနတွင် မဟာဝိဇ္ဇာ သင်တန်းတက်နေစဉ် ဆရာဦးစိုးမင်းအောင် သင်ကြားပို့ချသော (Historical Archaeology) ဘာသာရပ်၌ စစ်ကိုင်းနှင့် အင်းဝနယ်မြေများအပါအဝင် မြန်မာနိုင်ငံမှ ရှေးဟောင်းသုတေသနဆိုင်ရာဒေသများအကြောင်း လေ့လာသင်ယူခဲ့ရပါသည်။ သင်တန်းသူနှစ်ဦးဖြစ်သည့် မမေဇင်ဗိုလ်နှင့် မအိသန္တာလွင်တို့က အင်းဝနှင့် စစ်ကိုင်းမှ ခံတပ်များအကြောင်းကို ဆွေးနွေးခဲ့ရာ ကျွန်တော်အထူးပင်စိတ်ဝင်စားမိခဲ့ပါသည်။

စစ်ကိုင်း၊ အင်းဝနှင့် မန္တလေးဒေသ ဧရာဝတီမြစ်ကမ်းပေါ်တွင် ကုန်းဘောင်ခေတ်က တည်ဆောက်ခဲ့သည့် ခံတပ်သုံးခုရှိရာ ခံတပ်များသည် ဗိုခံ့နောက်ဆိုင်အနေအထားတည်ရှိနေပါသည်။ ယင်းတို့မှာ ဆင်ကျုံးခံတပ်၊ သပြေတန်းခံတပ်နှင့် အစေခံ ခံတပ်တို့ဖြစ်ကြပြီး ထိုခံတပ်များကိုကင်းဝန်မင်းကြီး ဗြိတိန်နိုင်ငံသို့ သွားရောက်ခဲ့စဉ်က အင်္ဂလန်ကျွန်းမှ ပင်လယ်သို့ထွက်သည့် ရေလက်ကြားတွင် ဆောက်လုပ်ထားသော Portsmouth မြို့ခံတပ်များကို သဘောကျပြီး နမူနာယူကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အင်းဝဘက်ကမ်းတွင် ဆင်ကျုံးခံတပ်၊ စစ်ကိုင်းဘက်ကမ်းတွင် စစ်ကိုင်းခံတပ်(ခေါ်)အစေခံ ခံတပ်နှင့် မန္တလေးဘက်အခြမ်း စစ်ကိုင်းတံတားအဟောင်း(အင်းဝတံတား)အောက်တွင် သပြေတန်းခံတပ်တို့ရှိကြရာ သပြေတန်းခံတပ်က အကြီးဆုံးဖြစ်ပေသည်။

အင်းဝဘက်ကမ်းရှိ ခံတပ်နေရာသည် ယခင်က ဆင်ကျုံးရှိခဲ့သောကြောင့် ဆင်ကျုံးခံတပ်ဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။ ဆင်ကျုံးခံတပ်ကို ခရစ်နှစ် ၁၈၇၄ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး စတုရန်းပုံဖြစ်ကာ အုတ်တံတိုင်းသုံးထပ်ပါရှိသည်။ အပြင်ဆုံး တံတိုင်းမှာ ၃၅၅ ပေပတ်လည်ရှိပြီး အလယ်တံတိုင်းမှာ ၂၉၃ ပေ ပတ်လည်ရှိသည်။ တံတိုင်းနှစ်ခုကြားတွင် ၃၁ ပေကျယ်သော ကျုံးတစ်ခုရှိသည်။ အတွင်းတံတိုင်းမှာ ပေ ၂၀၀ ပတ်လည်ရှိ၍ ခံတပ်အရှေ့ဘက်တွင် ကျုံးကူးတံတားတစ်စင်းရှိသည်။

အင်းဝသို့သွားသည့်လမ်းဘေး စစ်ကိုင်းတံတားအရှေ့ဘက်တွင် သပြေတန်းခံတပ်ရှိသည်။ သပြေတန်းခံတပ်ကို မင်းတုန်းမင်းလက်ထက် သက္ကရာဇ် ၁၂၃၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (ကြာသပတေးနေ့)တွင် စတင်တည်ဆောက်ခဲ့သည်ဟု သိရသည်။ သပြေတန်းခံတပ်သည် ရွှေကြက်ယက်ခံတပ်၊ ခံတပ်တော်ကြီးဟူ၍လည်း ထင်ရှားခဲ့သည်။ သပြေတန်းခံတပ်ကို မူလက ခံတပ်တော်ကြီးဟု တော်ဝင်နန်းသုံးအမည်ပေးခဲ့သော်လည်း ရွှေကြက်ယက်တောင်ကုန်းကို အစွဲပြု၍ ရွှေကြက်ယက်ခံတပ်၊ သပြေတန်းရွာငယ်ကိုစွဲ၍ သပြေတန်းခံတပ် ဟူ၍ ထင်ရှားခဲ့ပေသည်။ ခံတပ်အတွင်းတွင် ဆင်ခြေလျှောအုတ်လမ်းများရှိပြီး စစ်သည်ရဲမက်များနေထိုင်ရန် အခန်းများကို အခန်းတစ်ခုမှ တစ်ခုသို့ တောက်လျှောက်သွားလာနိုင်ရန် အလယ်မှ အပေါက်များဖောက်ကာ ဆောက်လုပ်ထားသည်။ အရာရှိနေထိုင်ရာအခန်း၊ ယမ်းတိုက်နှင့် ရေတွင်း တစ်တွင်းတို့လည်းရှိသည်။ လက်ရှိအချိန်တွင် သပြေတန်းခံတပ်၏ မြောက် ဘက်ခြမ်းသည် စစ်ကိုင်းတံတား ချဉ်းကပ်လမ်း၏အောက်၌ရှိနေပြီး ခံတပ်မှာ အရှေ့အနောက်ပေ ၄၀၀ ကျော်နှင့် တောင်မြောက် ပေ ၃၅၀ ကျော်ခန့် ရှည်လျားကျယ်ဝန်းသည်။

မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလတွင် ဖြစ်ပွားခဲ့သော တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲတွင် အရှေ့ဝင်းတော်မှူး၊ ရတနာသိင်္ဃမြို့ဝန်၊ ရဲဘက်မြင်းဝန်၊ သတိုးမင်းကြီးမဟာမင်းခေါင်ရာဇာတို့ဦးစီးသည့် မြန်မာတပ်မတော်သားနှစ်ထောင်ကျော်တို့သည် သပြေတန်းခံတပ်တွင် တပ်စွဲလျက် ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာမည့် ရန်သူများအားတိုက်ခိုက်ရန် အသင့်စောင့်ဆိုင်းနေခဲ့ကြသည်။ သို့သော်လည်း အင်္ဂလိပ်တို့နှင့် စစ်ပြေငြိမ်းရန် ကြိုးစားအားထုတ်နေကြသော လွှတ်တော်အရာရှိကြီးများ၏ မခုခံရဟူသော အမိန့်ကြောင့် မေဂျာဂျင်နရယ် ဒီပရင်ဒါဂတ်စ်ဦးစီးသော ဗြိတိသျှတပ်ပေါင်းစုက သပြေတန်းခံတပ်ကို သက္ကရာဇ် ၁၂၄၇ ခု တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်(သောကြာနေ့)(၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်)တွင် တိုက်ခိုက်ခြင်းလုံးဝမပြုရဘဲ သိမ်းပိုက်နိုင်ခဲ့ပေသည်။ သပြေတန်းခံတပ်မှ ခြောက်ပေါင်ဒါသံသွန်း အမြောက်ခုနစ်လက်၊ ကျည်မွှေကြေး အမြောက် ငါးလက်၊ အမြောက်ငယ်နှစ်လက်၊ စိန်ပြောင်းတစ်လက်တို့ကို သိမ်းဆည်းရရှိကြောင်း မဟာရာဇဝင်တော်ကြီးတွင် ရေးသားထားသည်။

ရန်သူကို နှစ်ဖက်ညှပ်တိုက်ခိုက်နိုင်ရန်ရည်ရွယ်လျက် သုံးပွင့်ဆိုင်တည်ဆောက်ထားသည့် ဆင်ကျုံး၊ သပြေတန်းနှင့် အစေခံ ခံတပ်သုံးခုတို့သည် အလွန်ထူးခြားသည့် မြန်မာတို့၏ကာကွယ်ရေးစနစ်တစ်ခုဖြစ်။

သပြေတန်းခံတပ်အတွင်းတွင် ရှေးဟောင်းသုတေသနဦးစီးဌာနက ရှေးခေတ်မြန်မာ့လောင်းလှေကြီးတစ်စင်းကို ပြသထားပါသည်။ ထိုလောင်းလှေကြီးအား ၁၉၇၉ ခုနှစ်က စစ်ကိုင်းမြို့နယ် နန်းတော်ကျွန်းရွာမှ သစ်ဖောင်လုပ်သားများက ရွှံ့ထဲတွင် ကျွန်းတုံးကြီးတစ်တုံး နစ်မြုပ်နေသည်ကိုတွေ့ကြပြီး တူးဖော်ကြရာမှ ကျွန်းတုံးမဟုတ်ဘဲ လောင်းလှေကြီးဖြစ်နေသည်ကိုတွေ့ခဲ့ကြရသည်။ ထိုစဉ်က စစ်ကိုင်းတိုင်း ပြည်သူ့ကောင်စီနှင့် မန္တလေးမြို့ရှိ ရှေးဟောင်းသုတေသနဌာနခွဲတို့ ညှိနှိုင်းပြီး အဆိုပါလောင်းလှေကြီးအား သပြေတန်းခံတပ်သို့ ရွှေ့ပြောင်းပြသထားခြင်းဖြစ်သည်။ လှေကြီး၏ အရွယ်အစားသည် အလျား ၇၈ ပေ၊ ဝမ်းအကျယ် ၅ ပေ ၆ လက်မဖြစ်သည်။ လှေကြီးကို ရွှေပိန်းချထားသော်လည်း ရွှံ့နွံထဲမှတွေ့ရှိခဲ့ရခြင်းကြောင့် မူလအစိတ်အပိုင်းအများစုမှာ ပျက်စီးဆွေးမြည့်နေသဖြင့် သစ်များဖြင့် အစားထိုးဖြည့်စွက်ထားရပေသည်။

သပြေတန်းခံတပ်၏ အနိမ့်ဆုံးအဆင့် အုတ်ခုံသည် သုံးပေခန့်မြင့်ပြီး မြောက်ဘက်နှင့် အနောက်ဘက်တွင် လက်နက်သိုလှောင်ရာ အုတ်တိုက်များအပါအဝင် ထုလေးထပ်ရှိ၏။ အရှေ့ဘက်နှင့် တောင်ဘက်သည် အခြေခံဖိနပ်နှင့် အုတ်လက်နက်တိုက်များအပါအဝင် ထုသုံးထပ်ရှိသည်။ ခံတပ်အပြင်ဘက် အုတ်ဖိနပ်သည် သုံးပေမြင့်ပြီး လေးပေကျယ်သော ပြင်ညီပတ်လည်ရှိသည်။ ခံတပ်ရိုးသည် ဆယ်ပေမြင့်၍ ဆင်ခြေလျှော အနံပေ ၂၀ ခန့်ရှိသည်။ ခံတပ်ရိုးအခြေကို အုတ်ဖြင့်သုံးပေခန့်ပိုးထားပြီး ခံတပ်ရိုးအောက် လေးပေအနိမ့်တွင် ၂၅ ပေကျယ်သော သူရဲပြေး စင်္ကြံပတ်လည်ရှိသည်။ ထိုစင်္ကြံတစ်ဖက်အနားမှ ဒုတိယခံတပ်ရိုးတစ်ခုကို ထပ်မံတည်ဆောက်ထားသည်။ ဒုတိယခံတပ်ရိုးသည် ပေ ၂၀ မြင့်၍ ဆင်ခြေလျှောပေ ၂၀ ကျယ်သည်။ ဒုတိယခံတပ်ရိုးအတွင်းဘက်မျက်နှာ ဆင်ခြေလျှောတွင် လေးပေအမြင့် အုတ်ကတုတ်ကာရံထားသည်။ ထို့နောက် ပေ ၂၀ အကျယ် အုတ်စီသူရဲပြေးစင်္ကြံတစ်ခုရှိသည်။ ထိုဒုတိယစင်္ကြံ၏အောက်တွင် လက်နက်တိုက်များရှိသည်။ အတွင်းဘက်တစ်လျှောက်တွင် လေးပေမြင့်သော အုတ်ကတုတ်ကာရံထားသည်။ ခံတပ်အတွင်းပိုင်းသည် ၁၅၅ ပေခန့်ကျယ်ဝန်းသည်။

လက်နက်တိုက်များသို့ လေးဖက်လုံးမှဝင်ရောက်နိုင်သည်။ တစ်ဖက်လျှင် ဝင်ပေါက်တစ်ပေါက်စီရှိသည့်အပြင် ခံတပ်အရှေ့ဘက်တွင်လည်း ဝင်ပေါက်ကြီးတစ်ခုရှိသည်။ အနောက်ဘက်တွင် ခံတပ်ရိုးနှစ်ခုအကြားနေရာသို့ သွားနိုင်သော မလွယ်ပေါက်တစ်ခုရှိသည်။ ထိုအပေါက်များအနီးတွင် ခံတပ်ရိုးပေါ်သို့တက်ရန် လှေကားထစ်များရှိသည်။ အရှေ့ဘက်ဝင်ပေါက်ကြီးအပေါ်တွင် ရဲမက်များအလွယ်တကူ ဆက်သွယ်နိုင်ရန် ပေါင်းကူးတံတားတစ်ခုရှိသည်။ ရှေ့ဘက်ဝင်ပေါက်၏ ရှေ့တည့်တည့် ပေ ၅၀ အကွာတွင် ကန့်လန့်ဖြတ်ဆောက်ထားသော ပေ ၈၀ ရှည်၍ ပေ ၅၀ ကျယ်ကာ ၁၈ ပေမြင့်သော မြေတံတိုင်းကြီးတစ်ခုရှိသည်။ တံတိုင်းထိပ်သည် ငါးပေကျယ်သည်။

သပြေတန်းခံတပ်ကို ဧရာဝတီမြစ်ကမ်းနဖူး၊ ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီခေါ် မြစ်ငယ်မြစ်နှင့်ဆုံရာ သန်လျက်စွန်းတွင် ဆောက်လုပ်ထားသည်။ မင်းတုန်းမင်း နန်းစိုက်ရာ မန္တလေးနေပြည်တော်နှင့် အနီးဆုံးခံတပ်လည်းဖြစ်ပေသည်။ ၁၂၄၀ ပြည့် ပြာသိုလဆန်း ၁၀ ရက် တွင် သီပေါမင်းနန်းတက်ပြီး လေးလခန့်အကြာတွင် ခံတပ်ပြီးစီးသည့် အခမ်းအနားကျင်းပကြောင်း ကုန်းဘောင်ဆက်မဟာရာဇာဝင်တော်ကြီးတွင် ဖော်ပြထားသည်။

ဒုတိယအင်္ဂလိပ်-မြန်မာစစ်အပြီး မြန်မာတို့သည် အထက်မြန်မာနိုင်ငံလုံခြုံရေးကို အထူးဂရုစိုက်ခဲ့ကြရာ ရန်သူများ ရေကြောင်းမှ အလွယ်တကူဝင်ရောက်မလာနိုင်ရန် အချက်အချာကျသောနေရာများတွင် ခံတပ်ကြီးများကို တည်ဆောက်ခဲ့ကြသည်။ ခံတပ်များဆောက်လုပ်ခြင်း၏ ရည်ရွယ်ချက်မှာလည်း ဧရာဝတီမြစ်ကြောင်းမှ ရတနာပုံနေပြည်တော်သို့ဆန်တက်လာမည့် နယ်ချဲ့ရန်ကို တွန်းလှန်တိုက်ခိုက်ရန်ဖြစ်သည့်အတွက် ခံတပ်သုံးခုကို ဧရာဝတီမြစ်ကြောင်း၏ ဝဲ၊ ယာ ညှပ်လျက် တြိဂံအနေအထားတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအောက်ပိုင်းတစ်ခုလုံးကို သိမ်းပိုက်ခဲ့ပြီးနောက် ကျန်ရှိနေသေးသော အထက်မြန်မာနိုင်ငံကိုပါ သိမ်းပိုက်ရန်ရည်ရွယ်ထားကြောင်း မြန်မာဘုရင်မင်းတုန်းမင်းကြီးက ရိပ်စားမိခဲ့သည်။ ထို့ကြောင့်လည်း အင်္ဂလိပ်တို့၏နောက်ထပ်ကျူးကျော်ရန်စမှုများကိုကာကွယ်နိုင်ရန် ခံတပ်များကို မန္တလေးနေပြည်တော်နားတစ်ဝိုက်တွင် ဆောက်လုပ်စေခဲ့ခြင်း ဖြစ်သည်။

အစေခံ ခံတပ်သည် စစ်ကိုင်းဘက်ကမ်းတွင်တည်ရှိပြီး ယခုအခါတွင် စစ်ကိုင်းဆေးရုံကြီးနောက်ကျောမှ တောင်ဘက်တွင် မြင်တွေ့ရသည်။ ခံတပ်က လမ်းအောက်တွင်ရှိနေပြီး ခံတပ်မျက်နှာစာ အရှေ့လမ်းသည် ခံတပ်မှအထက် ငါးပေခန့်မြင့်သည်။ ခံတပ်၏ မျက်နှာစာဝင်ပေါက်တစ်ဖက်တစ်ချက်တွင် အမြောက်ငယ်တစ်လုံးစီရှိပြီး အမြောက်များ၏ရှေ့ခံတပ်အဝင်လမ်း တစ်ဖက်တစ်ချက်ဝယ် “အစေခံ ခံတပ်” အမည်ပါကျောက်စာတစ်ချပ်နှင့်ခံတပ်သမိုင်းကြောင်းကိုရေးထိုးထားသော ကျောက်စာချပ်ကို စိုက်ထူထားသည်။

မင်းတုန်းမင်းကြီးက အစေခံ ခံတပ်ကို အီတလီရေတပ်မှ ကွန်မိုဒိုပဲရီနှင့် မိုလီနာတို့ကိုဦးဆောင်ကြီးကြပ်စေပြီး မြန်မာကျွမ်းကျင်သူများနှင့်အတူ တည်ဆောက်ခဲ့သည်ဟုဆိုသည်။ ယင်းနေရာသည် စစ်ကိုင်းမြို့မှ လှေထိုးသားများနေထိုင်ရာ အစေခံအရပ်ဖြစ်သောကြောင့် အစေခံ ခံတပ်ဟူ၍ အမည်တွင်ခဲ့သည်။ အစေခံ ခံတပ်သည် စက်ဝိုင်းခြမ်းပုံစံဖြစ်ပြီး မျဉ်းဖြောင့်ဘက်က စစ်ကိုင်းမြို့ဘက်ကို မျက်နှာမူထားသည်။


မြို့ဘက်ကို မျက်နှာလှည့်ထားသော မျဉ်းဖြောင့်ဘက်အခြမ်းတွင် အမြင့် ရှစ်ပေ၊ နှစ်ပေထုရှိသည့် အုတ်တံတိုင်းတစ်ခုကို ကာရံထားသော်လည်း ဧရာဝတီမြစ်ဘက်ကို လှည့်ထားသည့် စက်ဝိုင်းခုံးပုံစံနေရာကို ပေ ၃၀ နီးပါးအထူရှိသည့် မြေနှင့် အုတ်နံရံကြီးဖြင့် ကာရံထားသည်။ ယင်းထုထည်ကြီးမားလှသော မြေသားနံရံအပေါ်တွင် ဧရာဝတီမြစ်တစ်လျှောက် ဆန်တက်လာမည့် ရန်သူ့သင်္ဘောများကို အသင့်ချိန်ထားသော အမြောက်လေးစင်းရှိသည်။ ထိုအမြောက်တို့သည် ဆင်ကျုံးခံတပ်မှ အမြောက်ထက် သေးငယ်သည်။ ဧရာဝတီမြစ်ကို မျက်နှာမူထားသော ခံတပ်နံရံအပေါ်မှ အရှေ့တောင်ဘက်ကို ကြည့်လိုက်လျှင် အင်းဝမြို့ဟောင်းမှ စေတီပုထိုးများနှင့် ဆင်ကျုံးခံတပ်ကိုခပ်ဝါးဝါး မြင်တွေ့နိုင်သည်။

အစေခံ ခံတပ်သည် အင်းဝမှ ဆင်ကျုံးခံတပ်ထက်သေးငယ်ကာ တောင်မြောက် ပေ ၂၄၀ နှင့်အရှေ့နောက် ပေ ၃၂၀ ခန့်ရှိကြောင်း ကျောက်စာတွင် ဖော်ပြထားသည်။ ခံတပ်အတွင်း တောင်ဘက်နှင့်မြောက်ဘက်တို့တွင် လေးထောင့်ပုံစံအုတ်တိုက်နှစ်ခုရှိရာ လက်နက်နှင့် ရိက္ခာများထားသိုရာနေရာဖြစ်နိုင်သကဲ့သို့ စစ်သည်တော်များ အကာအကွယ်ယူသောနေရာလည်းဖြစ်နိုင်ပေသည်။ ထိုအုတ်တိုက်လေးများသည် တစ်ခုနှင့်တစ်ခုဖွဲ့စည်းထားပုံမတူညီကြဘဲ တောင်ဘက်အုတ်တိုက်တွင် ဝဲ၊ ယာနှစ်ဖက်၌ အခန်းတစ်ခန်းစီရှိသော်လည်း မြောက်ဘက်အုတ်တိုက်တွင်မူ အလယ်တည့်တည့်တွင် ဝင်ပေါက်တစ်ပေါက်ဖောက်ထားသော လေးထောင့်စပ်စပ်အုတ်တိုက်ငယ်လေးတစ်ခုသာ ရှိနေသည်။

အစေခံ ခံတပ်၏မြောက်ဘက်နံရံရှိ ခပ်သေးသေးတံခါးပေါက်မှ အပြင်ဘက်သို့ထွက်လိုက်လျှင် သစ်ပင်ကြီးတစ်ပင်အောက်တွင် အုတ်တံတိုင်းငယ်တစ်ခုကာရံထားသော ခပ်နိမ့်နိမ့်အုတ်ဂူသုံးလုံးရှိသည်။ အုတ်ဂူသုံးလုံးတွင် သေဆုံးသူများ၏ အမည်များကိုရေးထိုးထားသည်။ ဂူတစ်လုံးတွင် ၁၈၈၅ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် တိုက်ပွဲမှာ ကျဆုံးသည်ဟုလည်းကောင်း၊ နောက်ဂူတစ်လုံးတွင် ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျဆုံးသည်ဟုလည်းကောင်း၊ အခြားဂူတွင်မူ ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် တာဝန်ထမ်းဆောင်စဉ် ကျဆုံးသည်ဟုလည်းကောင်း အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသည်။ အဆိုပါရက်စွဲများသည် သီပေါမင်းပါတော်မူပြီး တစ်လနီးပါးအကြာခန့်ဖြစ်သည်။

သီပေါမင်းပါတော်မူပြီးစတွင် ကနောင်မင်းသား၏သားတော် ကျွန်းညွန့်မင်းသားခေါင်းဆောင်သည့် မျိုးချစ်မြန်မာတပ်သားများသည် စစ်ကိုင်းအစေခံ ခံတပ်အနီးတွင် အင်္ဂလိပ်တို့ကို တိုက်ခိုက်မှုများပြုလုပ်ခဲ့သည့်အပြင် အုတ်ဂူတွင် ရေးထိုးထားသော ရက်စွဲများမှာလည်း သီပေါမင်းပါတော်မူပြီးစအချိန်ဖြစ်သောကြောင့် အုတ်ဂူတွင် မြှုပ်နှံထားသူများသည် ကျွန်းညွန့်မင်းသားဦးဆောင်သည့် မြန်မာမျိုးချစ်တို့၏လက်ချက်ဖြင့် ကျဆုံးသွားရသူများဖြစ်နိုင်ကြောင်း ယူဆကြပါသည်။

နယ်ချဲ့တို့က မြန်မာနိုင်ငံအား သိမ်းပိုက်ရန်ကြံစည်စီစဉ်ခဲ့မှုများကို ရိပ်စားမိခဲ့သော မြန်မာတို့သည် လက်နက်အင်အားမမျှတကြောင်း သိရှိထားကြသော်လည်း မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးကို အသက်ပေးကာကွယ်နိုင်ရန် ဧရာဝတီမြစ်ရိုးတစ်လျှောက် ခံတပ်များဆောက်လုပ်ခဲ့ကြသည်။ ဆင်ပေါင်ဝဲစစ်အောင်ခန်းခံတပ်၊ ပန်းတောင်ပြင်ကတုတ်၊ ထူးပေါက်ကတုတ်၊ မင်းလှခံတပ်၊ ငွေးချောင်းခံတပ်စသည်ဖြင့် ခံတပ်များတည်ဆောက်ခဲ့ရာ ရန်သူကိုနှစ်ဖက်ညှပ်တိုက်ခိုက်နိုင်ရန်ရည်ရွယ်လျက် သုံးပွင့်ဆိုင်တည်ဆောက်ထားသည့် ဆင်ကျုံး၊ သပြေတန်းနှင့် အစေခံ ခံတပ်သုံးခုတို့သည် အလွန်ထူးခြားသည့် မြန်မာတို့၏ကာကွယ်ရေးစနစ်တစ်ခုဖြစ်လေရာ မြန်မာ့သမိုင်းကို စိတ်ဝင်စားကြသူတိုင်း သွားရောက်လေ့လာသင့်ကြပါပေသည်။ ။



ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်သူတို့၏ဆန္ဒကို ကိုယ်စားပြုလျက် မဲပေးရလွယ်ကူသော ရွေးကောက်ပွဲစနစ်မျိုး ဖြစ်ရန်လိုအပ်

နေပြည်တော် အောက်တိုဘာ ၂၁

**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း၏ **"မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို နွေစပါးစိုက်ပျိုးစရိတ်ချေးငွေပေးသွင်းပြီးမှ ထုတ်ချေးမည်ဆိုသော စည်းကမ်းချက်အား သဘာဝဘေးဒဏ်နှင့် ပိုးမွှားများကြောင့် သီးနှံများ ပျက်စီးဆုံးရှုံး၍ ပြန်လည်ပေးဆပ်ရန် အခက်အခဲဖြစ်နေသော လယ်သမားများအတွက် ဖြေလျှော့ပေးရန်ကိစ္စ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်ကမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူများသို့ ချေးငွေများထုတ်ချေးပြီး သတ်မှတ်ကာလအတွင်း မြန်မာ့စီးပွားရေးဘဏ်သို့ အတိုးနှင့်တကွ ပြန်လည်ပေးဆပ်နေရခြင်းဖြစ်သဖြင့် ပြန်လည်ပေးဆပ်ရန် အခက်အခဲဖြစ်သည့် တောင်သူများအတွက် ဖြေလျှော့ပေးရန်ကိစ္စသည် ဘဏ်စည်းမျဉ်းစည်းကမ်းများအရ ဆောင်ရွက်ပေး၍ မရနိုင်ပါကြောင်း။


လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်။


ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ အောင်သန်း။

သို့သော် သဘာဝဘေးဒဏ်ကြောင့် သီးနှံပျက်စီးမှုဖြစ်ပြီး ပျက်စီးချိန်တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြပါက မြို့နယ်ဘဏ်ခွဲက ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေး၍ အမှန်ပျက်စီးသည်ဆိုပါလျှင် ဒေသအာဏာပိုင်အဆင့်ဆင့်၏ ထောက်ခံချက်ဖြင့် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ စိစစ်၍ ပေးဆပ်ကာလကို ဘဏ်ကရွှေ့ဆိုင်းပေးနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းမှုများအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ရှင်းလင်းဖြေကြားသည်။

မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၏ **"သင့်လျော်သည့် လျော်ကြေး၊ နစ်နာကြေးပေးခြင်းများကို ကာယကံရှင်များနှင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ပေးသင့်ကြောင်းဆိုသည်နှင့်အညီ ဗိုလ်တထောင်မြို့နယ် COD ဝင်း မြေကွက်များ၏ မူလမြေပိုင်ဆိုင်မှု အထောက်အထားမှန်ကန်သူ ပြည်သူများနှင့် မည်သည့်အချိန်ကာလတွင် တွေ့ဆုံညှိနှိုင်းပေးမည်ကို သိရှိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဗိုလ်တထောင်မြို့နယ် COD ဝင်း မြေကွက်များ၏ မူလမြေပိုင်ဆိုင်မှု အထောက်အထားမှန်ကန်သူပြည်သူများကို အဖွဲ့ဖြင့် ပြန်လည်နေရာချထားရေးအတွက် အခန်းလုံလောက်မှုရှိစေရန်နှင့် တည်ဆောက်ချိန်ကာလ မြန်မြန်ဆန်ဆန်ပြီးစီးနိုင်ရေးရှေးရှုပြီး အဆောက်အအုံဒီဇိုင်း၊ အုတ်မြစ်ဒီဇိုင်းများအသင့်ရေးဆွဲထားပြီးဖြစ်သည့် (၂၄)ခန်းတွဲ (၁၄)ထပ် အဆောက်အအုံ (၂)လုံး ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း။

အဆောက်အအုံ(၂)လုံး ဆောက်လုပ်ရန်အတွက် မြေအားခံနိုင်ဝန်စမ်းသပ်ချက် Soil Test လုပ်ငန်းဆောင်ရွက်ထားပြီး ဖြစ်သည့်အတွက် ၂၀၁၄ခုနှစ် အောက်တိုဘာလကုန်တွင် တည်ဆောက်ရေးလုပ်ငန်းများစတင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းဇော်လင်း၏ **"ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးအား အဆင့်မြှင့်တင်တိုးချဲ့ရန် ပြည်ပနိုင်ငံများမှ အကူအညီပေးရန် ကမ်းလှမ်းလာခြင်းရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး အဆင့်မြှင့်တင်ရေးအတွက် JICA, ကိုရီးယား MOLIT- Koica, ADB, US Aid စသည့် အဖွဲ့အစည်းများနှင့် ကျွမ်းကျင်မှုနည်းပညာ၊ ငွေကြေးထောက်ပံ့မှု အကူအညီများရရှိရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် မြန်မာနိုင်ငံနှင့် လိုက်လျော ညီထွေမှုရှိသည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ လေ့လာသုံးသပ်ချက် အစီရင်ခံစာကို ကော်မရှင်ဥက္ကဋ္ဌက ဖတ်ကြားရာတွင် ယနေ့နိုင်ငံတကာတွင် တရားဝင်ကျင့်သုံးလျက်ရှိသည့် ရွေးကောက်ပွဲစနစ်နည်းလမ်းများအရ (၁၂)ခုရှိပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးက ကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲစနစ်များကို လေ့လာဖော်ထုတ်ရာတွင် အလွှာစုံ၊ ဒေသစုံ၊ ပါတီစုံ၊ တွေးခေါ်မြော်မြင်မှု သဘောတရားစုံနှင့် ပြည်သူတို့၏ ဆန္ဒတို့ကို ကိုယ်စားပြုလျက် အဓိပ္ပာယ်ပြည့်ဝပြီး မဲပေးရလွယ်ကူသော ရွေးကောက်ပွဲမျိုးကိုဖော်ဆောင်လျက် တည်ငြိမ်ပြီး စွမ်းရည်ရှိသော အစိုးရမျိုးဖွဲ့စည်းနိုင်သည့် ရွေးကောက်ပွဲစနစ်မျိုးဖြစ်ရန် လိုအပ်သည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံ၏ ပကတိနိုင်ငံရေးအခြေအနေနှင့် ဆီလျော်မှုရှိသော ရွေးကောက်ပွဲစနစ်များတွင် အများကိုယ်စားပြုစနစ်များအနက် မဲအများဆုံးရသူအနိုင်ယူစနစ် (FP TP)၊ စာရင်းအလိုက် အချိုးကျကိုယ်စားပြုစနစ်(List PR)နှင့် စင်ပြိုင်စနစ်(Parallel)တို့သည် သင့်လျော်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

နိုင်ငံခြားသား ရွေးကောက်ပွဲလေ့လာသူ ပညာရှင်များ၏ ရွေးကောက်ပွဲ စနစ်များအပေါ် ရှင်းလင်းဟောပြောချက်များအရ ယနေ့ကမ္ဘာပေါ်ရှိ ဒီမိုကရေစီနိုင်ငံများတွင် လက်တွေ့ကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲစနစ်များသည် ပြီးပြည့်စုံသောစနစ်ဟူ၍ မရှိပါကြောင်း၊ မိမိနိုင်ငံ၏ အခြေအနေနှင့် ဆီလျော်ပြီး အများပြည်သူလိုလားလွယ်ကူကာ ကိုယ်စားပြုမှု ညီညွတ်မျှတသော တည်ငြိမ်အေးချမ်းမှု ရှေးရှုသည့် ရွေးကောက်ပွဲစနစ်မျိုး ဖြစ်သင့်သည်ဟု သုံးသပ်ရရှိပါကြောင်း။

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲစနစ်သစ် ပုံစံတစ်ခုဖြစ်ပေါ်လာရေးအတွက် ယနေ့ဖြစ်ပေါ်နေသော နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပါအဝင် အခြေအနေအရပ်ရပ်ကိုထည့်သွင်းစဉ်းစားသုံးသပ်ပြီး နည်းလမ်း (၈)ခုကို အကြံပြုတင်ပြခဲ့ပါကြောင်း၊ အဆိုပါ နည်းလမ်း (၈)ခုအနက် နည်းလမ်း(၃)ဖြစ်သော မဲအများဆုံးရသူ အနိုင်ယူစနစ်နှင့် ပါတီအလိုက် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ထားသော ရွေးကောက်ပွဲစနစ်-၁နှင့် နည်းလမ်း (၄) ဖြစ်သော မဲအများဆုံးရယူအနိုင်ယူစနစ်နှင့် ပါတီအလိုက် အချိုးကျ ကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ထားသော ရွေးကောက်ပွဲစနစ်-၂ တို့သည် မဲအများဆုံးရသူအနိုင်ယူစနစ်ကို အခြေခံထား၍ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲမရရှိသော ကိုယ်စားလှယ်များကို အခွင့်အရေးပေးသောစနစ်ဖြစ်၍ လိုက်လျောညီထွေမှုရှိကြောင်းနှင့် လွှတ်တော်က သုံးသပ်ဆောင်ရွက်နိုင်ပါကြောင်းဖြင့် ဖတ်ကြားရှင်းလင်းသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဒီမိုကရေစီလမ်းကြောင်းကူးပြောင်းရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်

**နေပြည်တော် အောက်တိုဘာ ၂၁**

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **"ပြည်သူတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုံခြုံစိတ်ချမှုရှိစေရေးအတွက် ပုဂ္ဂလိကဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဝန်၊ သူနာပြု၊ ဓာတ်ခွဲ၊ ဓာတ်မှန်ကျွမ်းကျင် အစရှိသည့် ကျန်းမာရေးဝန်ထမ်းများကို ကျန်းမာရေးဝန်ကြီးဌာနက အရည်အသွေးမြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘွဲ့လွန်သင်တန်းများ တက်ရောက်လိုသည့် ဝန်ထမ်းမဟုတ်သော ဆရာဝန်များနှင့် သူနာပြု/သားဖွားသင်တန်း တက်ရောက်လိုသည့် ပုဂ္ဂလိကသင်တန်းသား၊ သင်တန်းသူများကို လက်ရှိဖြစ်ထွန်းတိုးတက်လာသော အခြေအနေအရလည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍလိုအပ်ချက်များအရလည်းကောင်း လေ့လာဆန်းစစ်၍ ညှိနှိုင်းဆွေးနွေးပြီး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး)မြို့များတွင် တစ်နှစ်လျှင် သင်တန်းသား(၅၀) သင်ကြားပို့ချပေးလျက်ရှိပြီး ပြင်ပမှ သင်တန်းများအား တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် သင်တန်းသားစိစစ်ရွေးချယ်မည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် မတ်လတွင် သင်တန်းစတင်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါသင်တန်းတွင် ပုဂ္ဂလိကသင်တန်းသား၊ သင်တန်းသူများကို သင်တန်းကြေးနှုန်းထားတစ်ခုသတ်မှတ်၍ သင်တန်းတက်ရောက်ခွင့်ပေးနိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့်၏ **"နိုင်ငံ့ဝန်ထမ်းတိုးမြှင့်ခန့်ထားသည်နှင့်အမျှ ဝန်ထမ်းအိမ်ရာများ တိုးချဲ့ဆောက်လုပ်ပေးရန်နှင့် အထူးသဖြင့် နယ်စွန်နယ်ဖျား ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်ရမည့် ဆရာ၊ ဆရာမများအတွက် လုံခြုံသောဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက အခြေခံပညာကျောင်းများ တည်ဆောက်ပြုပြင်မှုအတွက် သင်ကြားရေးတွင် လိုအပ်သောစာသင်ဆောင်နှင့် သိပ္ပံဆောင်များကို ဦးစားပေးဆောက်လုပ်ပေးခြင်းဖြစ်ပါသဖြင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ခြင်းမရှိသေးပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ ဝေးလံခက်ခဲသောဒေသနှင့် အမှန်တကယ်လိုအပ်သော နေရာများ၌ ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးနိုင်ရေးအတွက် အမှတ်(၁)အခြေခံပညာဦးစီးဌာနတွင် ဝန်ထမ်းအိမ်ရာ(၂၃)နေရာ၊ အမှတ်(၂) အခြေခံပညာဦးစီးဌာနတွင် ဝန်ထမ်းအိမ်ရာ(၂၂)နေရာနှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနတွင် ဝန်ထမ်းအိမ်ရာ(၄)နေရာတို့ကို ထည့်သွင်းလျာထားတင်ပြထားပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။


တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သိန်းလွင်။


ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဂျေယောဝူ။

အစည်းအဝေးတွင် **တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၄)ဦး ဆက်လက်ဆွေးနွေးကြသည်။

**ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း**က တိုင်းရင်းသားလူမျိုးများဆိုသည့်စကားရပ်ကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဆိုသည့်စကားရပ်ဖြင့် အစားထိုးသင့်ပါကြောင်း၊ တိုင်းရင်းသားဟုပြောပါက ဗမာမပါဘဲ ရှမ်း၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင် စသည်တို့သာ ပါဝင်သည်ဟု ထင်မြင်ယူဆသူများရှိပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းထားသည့် ပြည်ထောင်စုကြီးဖြစ်သည့်အတွက် ပြည်ထောင်စုဆိုသည့်စကားရပ်ပါရှိမှသာ တိကျမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို**က တိုင်းရင်းသားလူမျိုးများဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အမြဲနေထိုင်ခဲ့ကြသော လူမျိုးနွယ်စုများကိုဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ပါက အခြေခံဥပဒေနှင့်ညီပါကြောင်း၊ တန်းတူညီမျှဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသား မည်မျှရှိသည်ကို တိတိကျကျပြောနိုင်မှသာ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ပို၍လေးနက်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘိုးရယ် တင်သွင်းထားသည့် **"ပြည်တွင်းငြိမ်းချမ်းရေး ရရှိလာသည်နှင့် ယခင်က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၅)ဦး ဆွေးနွေးကြသည်။

**ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင်**က စစ်ဘေးဒဏ်ခံခဲ့ရသော နေရာဒေသများ၌ ယခုအချိန်တွင် မည်မျှတိုးတက်မှုရှိသည်ကို စဉ်းစားသုံးသပ်ကြရန်လိုပါကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊

**စာမျက်နှာ ၈ သို့ ❖**

## ပြည်တွင်းရေးရာ

❖ စာမျက်နှာ ၇ မှ

တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်နေသော်လည်း ပြန်လည် လက်နက်ကိုင်တိုက်ခိုက်လာသည့်အခါ ဆုံးရှုံးမှုများ ပြန်လည်ဖြစ်ပေါ်ပါကြောင်း၊ အချို့ဒေသများသည် ငြိမ်းချမ်းရေးရရှိသည်မှာ ကြာပြီဖြစ်သော်လည်း တိုးတက်ရန်များစွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဘတ်ဂျက်အခြေအနေအရ ဖွံ့ဖြိုးရေးလုပ်ငန်းများ မဆောင်ရွက်နိုင်ခြင်းကြောင့် အချို့ဒေသခံများသည် ဒေသတစ်ခုလုံးကို စွန့်ခွာသွားခဲ့ပါကြောင်း၊ ပျက်စီးမှုများကို ဖြေဆည်နိုင်ရန် ဖွံ့ဖြိုးတိုးတက်မှုများဖြင့် အစားထိုးပေးရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူက** ငြိမ်းချမ်းရေးရရှိမှမဟုတ်ဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရင်း ငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်သင့်ပါကြောင်း၊ ညှိနှိုင်းမှုလည်း မရှိ၊ ဖွံ့ဖြိုးရေးလည်းမလုပ် ဆိုပါက တိုးတက်လာမည်၊ ငြိမ်းချမ်းလာမည်မဟုတ်ပါကြောင်း၊ နယ်များတွင် မဖွံ့ဖြိုးသည့်အတွက် ဖွံ့ဖြိုးသည့် ရန်ကုန်၊ မန္တလေးကဲ့သို့ မြို့ကြီးများသို့ စုပုံရောက်ရှိလာကြပါကြောင်း၊ ထို့ပြင် စစ်ဘေးစစ်ဒဏ်ကြောင့် ဒေသခံအများအပြားသည် နီးစပ်ရာနိုင်ငံများသို့ ရောက်ရှိကြပြီး ကျေးကျွန်သဖွယ် ဖြစ်ခဲ့ကြရပါကြောင်း၊ ထို့ကြောင့် စစ်ဘေးစစ်ဒဏ်ထိခိုက်မှု အများဆုံးဖြစ်ခဲ့သည့် နေရာများနှင့် အခြားဖွံ့ဖြိုးတိုးတက်မှု လိုအပ်လျက်ရှိသည့် နေရာများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သိန်းလွင်က** ဒီမိုကရေစီလမ်းကြောင်း ကူးပြောင်းရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးအောင်မြင်ရေးကို နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၏ အဓိက ဆောင်ရွက်ချက်တစ်ခုအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးသဘောတူစာချုပ်များ၌ အပစ်အခတ်ရပ်စဲရေးအချက်များအပြင် ဒေသဖွံ့ဖြိုးရေး၊ လူ့အခွင့်အရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူသားချင်းစာနာသော အထောက်အပံ့များပေးအပ်နိုင်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စစ်ဘေးရှောင်ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေး စသည့်အချက်များကို သဘောတူချုပ်ဆိုနိုင်ခဲ့ပါကြောင်း၊ စာချုပ်ချုပ်ဆိုနိုင်ခဲ့သော နယ်မြေဒေသများတွင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် တည်ငြိမ်အေးချမ်းမှု အသီးအပွင့်များကို ခံစားနေကြပြီဖြစ်ပါကြောင်း၊ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားခဲ့သည့် ဒေသများသည် အခြားသောပြည်နယ်နှင့်တိုင်းဒေသကြီးများထက် နိမ့်ကျနေသည်ကို တွေ့ရှိရပါကြောင်း၊ တစ်နိုင်ငံလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် စစ်ဘေးဒဏ်ခံခဲ့ရသော ဒေသများအနေဖြင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းက ပြန်လည်ဖြေရှင်းနိုင်မည့်ရက်ကိုညှိနှိုင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကရင်ပြည်နယ်အတွင်း လမ်း/တံတားများ ဆောင်ရွက်

**ဘားအံ အောက်တိုဘာ ၂၁**

ကရင်ပြည်နယ် ပိုင်ကျုံမြို့၌ အရှည် ၁၁၈၃ ပေ ပိုင်ကျုံချောင်းကူးတံတားကို ၂၀၁၃-၂၀၁၄ ပြည်နယ် ဖြည့်စွက်ရန်ပုံငွေနှင့် ၂၀၁၄-၂၀၁၅ ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေတို့ဖြင့် တံတားအောက်ခြေကွန်ကရစ်တိုင်များ အသစ်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ လှိုင်းဘွဲ့-ပိုင်ကျုံလမ်းပေါ်ရှိ တံတားအမှတ် (၄/၁၃)၊ တံတားအမှတ် (၁/၁၃)၊ တံတားအမှတ်(၄/၁၁)၊ တံတားအမှတ်(၂/၁၁)၊ တံတားအမှတ်(၃/၅)တို့ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၃)မှ လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာ၊ ပြည်နယ်ဆောက်လုပ်ရေးအင်ဂျင်နီယာမှူးကြီး ဦးတင်ထွန်း၊ ပြည်နယ်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်တာဝန်ရှိသူများ၊ ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ခံ အင်ဂျင်နီယာများလိုက်ပါလျက် ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လမ်း/တံတားများပြုပြင်တည်ဆောက်မှုအခြေအနေများကို အောက်တိုဘာ ၂၀ ရက်တွင် လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ **နေမျိုးလွင်(ပြန်/ဆက်)**



■ ကျောဖုံးမှ

ရေအပေါ်မှီခိုနေရပါကြောင်း၊ ရေစီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းနှင့် ရေရှားပါးမှုသည် ရောဂါထူပြောခြင်း၊ အာဟာရချို့တဲ့ခြင်း၊ စီးပွားရေးဖွံ့ဖြိုးမှု ဆုတ်ယုတ်ခြင်း၊ လူမှုရေး မတည်မငြိမ်ဖြစ်ခြင်း၊ ပဋိပက္ခများဖြစ်ပွားခြင်းနှင့် သဘာဝပတ်ဝန်းကျင် ဘေးဆိုးများကျရောက်ခြင်း စသည့်ဆိုးရွားသော ပြဿနာများဆီသို့ ဦးတည်သွားစေနိုင်ပါကြောင်း။

အခြေခံလိုအပ်ချက်များဖြစ်သည့် ဘေးကင်းသော သောက်သုံးရေရရှိနိုင်မှု၊ မိလ္လာနှင့် ရေဆိုးစွန့်ပစ်မှုစနစ်နှင့် အခြားအိမ်သုံးရေ လိုအပ်မှုများသည်လည်း နေရာအများစုတွင် ပြဿနာတစ်ခုအဖြစ် ရှိနေဆဲဖြစ်ပါကြောင်း။

ရေအရင်းအမြစ်များအား ကာကွယ်ထိန်းသိမ်းရာတွင် မိမိတို့ပတ်ဝန်းကျင်ရှိ ရေတွင်းရေကန်၊ ချောင်းများ အစ မြစ်၊ ပင်လယ်အဆုံး ရေအရင်းအမြစ်များအားလုံး ခြုံငုံရန်လိုအပ်ပါကြောင်း၊ မြစ်များ၊ ချောင်းများနှင့် ပင်လယ်ကမ်းရိုးတန်းဒေသတွင် သဲနုန်း၊ မြေဆီလွှာ တိုက်စားပို့ချခြင်းသည် ဒေသခံပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အခက်အခဲတွေ့စေရုံသာမက မြစ်ချောင်းများနှင့် ကမ်းရိုးတန်းတို့၏ တည်ငြိမ်မှုနှင့် ရေစီးရေလာစနစ်များကိုပါ ပြောင်းလဲစေပါကြောင်း၊ မြစ်ချောင်းများနှင့် ပင်လယ်ကမ်းရိုးတန်းဒေသ ပေါ ကြွယ်ဝသော မြန်မာနိုင်ငံတွင် သဲနုန်း၊ မြေဆီလွှာတိုက်စားပို့ချခြင်း ကာကွယ်ရန်အတွက် ထိရောက်သော နည်းပညာများနှင့် လုံလောက်သောပံ့ပိုးမှုများ လိုအပ်ပါကြောင်း။

မြစ်များ၊ ချောင်းများ၏ မြေပေါ်တွင်ရှိသော ရေဝေရေလဲဧရိယာများ၊ မြေအောက်ရေ ခိုအောင်းသော ကျောက်ချပ်လွှာများအကြား သဘာဝအတိုင်း ရေပြန်လည်ဖြည့်တင်းပေးသော ဇုန်များ၏ ဝိသေသလက္ခဏာများသည် မြေအသုံးချမှု၊ သစ်ပင်သစ်တောဖုံးလွှမ်းမှုတို့အပေါ် မှီတည်ပြီး ပြောင်းလဲနေပါကြောင်း၊ အဆိုပါအပြောင်းအလဲများကြောင့် ရေရရှိနိုင်မှုပမာဏနှင့် ရေအရည်အသွေးတို့အပေါ် သက်ရောက်မှုခံရနိုင်သည့်အတွက် ရေဝေရေလဲဒေသအတွင်း ရေအရင်းအမြစ် ထိခိုက်ပျက်စီးစေမည့် လုပ်ဆောင်ချက်များ၊ မြေအောက်ရေလျော့နည်းစေနိုင်မည့် လုပ်ဆောင်ချက်များ၊ သစ်တောများ ထိခိုက်ပျက်စီးမှုများ မရှိစေရေး မြစ်ဝှမ်းဒေသစီမံခန့်ခွဲမှု အထူးဂရုပြု ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

မြေအောက်ရေသုံးစွဲမှုတွင်လည်း မြေအောက်ရေသည် ရေဖြစ်ပေါ်မှုသံသရာ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လူ့အဖွဲ့အစည်းက ပိုင်ဆိုင်သော်လည်း အချို့က ပုဂ္ဂလိကပိုင်အဖြစ် ရှုမြင်ပြီး ကျိုးကြောင်းဆင်ခြင်မှုမရှိဘဲ မိမိကိုယ်ကျိုးအတွက် သော်လည်းကောင်း၊ စီးပွားရေးအတွက်သော်လည်းကောင်း အလွန်အကျွံ ထုတ်ယူသုံးစွဲနေလျက်ရှိနေမှုများအား ပညာပေးအရေးယူ တားဆီးထိန်းသိမ်းသွားရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ၏ မြစ်များအပါအဝင် ရေအရင်းအမြစ်များတွင် ရေဆိုးများနှင့် ဓာတုပစ္စည်းများကြောင့် ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့်အတွက် ယင်းတို့ကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ထိန်းသိမ်းပေးရမှာဖြစ်ပါကြောင်း၊ အလားတူ ပင်လယ်ရေကို ထိရောက်စွာအသုံးချနိုင်မှုနှင့် ပင်လယ်ပြင်ညစ်ညမ်းမှု ကာကွယ်ရေးသည်လည်း ရေချိုအရင်းအမြစ်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်သကဲ့သို့ပင် အရေးကြီးပါကြောင်း။

ရေအရင်းအမြစ်အား ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရေအရင်းအမြစ်များ စီမံခန့်ခွဲမှုကဏ္ဍသည် အဓိကကျပါကြောင်း၊ အရင်းအမြစ်စီမံခန့်ခွဲရာတွင် သုံးလိုအားနှင့် ထုတ်နိုင်အားဟန်ချက်ညီရန် လိုအပ်ပါကြောင်း။

ထုတ်နိုင်အားနှင့် သုံးလိုအား ဟန်ချက်ညီရန်အတွက် ရေကိုစနစ်တကျ အကျိုးရှိထိရောက်စွာသုံးနိုင်မှုနှင့် ရေလိုအပ်ချက်အပေါ် စီမံခန့်ခွဲနိုင်မှု၊ ရေအရင်းအမြစ်သစ်များ စီမံခန့်ခွဲရေး ဖွံ့ဖြိုးတိုးတက်မှု၊ မြေအသုံးချမှုနှင့် ရေအရင်းအမြစ်အသုံးချမှုများအား ပေါင်းစပ်ညှိနှိုင်းမှု၊ ရေကို ပင်မရေစီးစီးပွားရေးကိစ္စရပ်အဖြစ် အသွင်ပြောင်းနိုင်မှုဟူသော နယ်ပယ်လေးခုအပေါ် အခြေခံဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း။

ရေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုသည်မှာ အဓိကဂေဟစနစ်များ၏ ရေရှည်တည်တံ့မှုကိုမထိခိုက်စေဘဲ အမြင့်မားဆုံးစီးပွားရေး၊ လူမှုရေးရလဒ်များအား သက်ဆိုင်သူအားလုံး မျှမျှတတခံစားစေနိုင်ရန် ရေ၊ မြေနှင့် ဆက်စပ်အရင်းအမြစ်များအား ပေါင်းစပ်ညှိနှိုင်းထားသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံခန့်ခွဲမှုအား အားပေးမြှင့်တင်သော လုပ်ငန်းစဉ်တစ်ရပ်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါကြောင်း။

ရေစီမံခန့်ခွဲမှု၏ ပင်မဒေါက်တိုင်ကြီး (၃)ရပ်ဟူ၍တင်စားလေ့ရှိသည့် စီးပွားရေးစွမ်းဆောင်ရည် (Economic Efficiency)၊ မျှတမှု (Equality)နှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှု (Environmental Sustainability) တို့ဖြင့် ပြည့်စုံရန် လုပ်သာကိုင်သာရှိသော၊ လုပ်နိုင်ကိုင်နိုင်ဖြစ်စေမည့် မူဝါဒဥပဒေ၊ ပတ်ဝန်းကျင်ကောင်းဖန်တီးပေးရမှာ ဖြစ်ပါကြောင်း။

တစ်နည်းအားဖြင့် ရေသုံးစွဲမှုများအကြား ပြိုင်ဆိုင်မှုများတွင် ဒိုင်သဖွယ်ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ လူအတွက်ရေ၊ စားနပ်ရိက္ခာအတွက်ရေ၊ သဘာဝပတ်ဝန်းကျင်အတွက် ရေ၊ စက်မှုလုပ်ငန်းအပါအဝင် အခြားအခြားသောကိစ္စများအတွက် ရေ၊ ကဏ္ဍအလိုက်လိုအပ်ချက်များ ပေါင်းစည်းပေးရမှာဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံသည့် ရေအရင်းအမြစ်များအား ထိရောက်စွာစီမံခန့်ခွဲနိုင်ရန်အတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအား ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ရေအရင်းအမြစ်မူဝါဒ ရည်ရွယ်ချက်မှာ နိုင်ငံတစ်နိုင်ငံလုံးရှိ လူမှုအသိုက်အဝန်း၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံရှိ ရေအရင်းအမြစ်များအား ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေအရင်းအမြစ်များအား ထိရောက်သောစီမံခန့်ခွဲမှုများဖြင့် မျှတစွာသုံးစွဲပြီး ဆင်းရဲမှုလျှော့ချရေးအား အထောက်အကူပြုစေရန်၊ နိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းသာယာမှုအားကာကွယ်ရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်၊ လက်ရှိနှင့် အနာဂတ်ကာလ မျိုးဆက်များအား လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဆိုင်ရာ လိုအပ်ချက်များအတွက် သင့်တင့်မျှတသောပမာဏနှင့် လုံခြုံစိတ်ချရသော အရည်အသွေးပြည့်မီသည့်ရေရရှိရေး အခွင့်အရေးများရစေရန် ဖြစ်ပါကြောင်း။

ရေအားကဏ္ဍစုံအသုံးပြုမှုများတွင် မျှတမှုရှိစေရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် ပြည်သူလူထုဘဝအရည်အသွေးမြင့်မားလာခြင်း၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာခြင်းနှင့် တည်ငြိမ်အေးချမ်းခြင်းအကျိုးရလဒ်များအား ဆောင်ကြဉ်းပေးနိုင်မှာဖြစ်ပါကြောင်း။

ပြည်သူများအတွက် ဘေးကင်းသည့် ရေပိုမိုရရှိရေး၊ ရေအသုံးပြုမှုများအတွက် မျှတမှုရှိစေရေးနှင့် အနာဂတ်တွင် ရေအရင်းအမြစ်များအား ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေးအတွက် ဥပဒေရေးဆွဲပြဌာန်းနိုင်ရေး ဆောင်ရွက်နေပါကြောင်း၊ ယခင်ရေးဆွဲထားသည့် မြန်မာ့ရေဆိုင်ရာ အခြေခံမူဘောင်လမ်းညွှန် (Myanmar Water Framework Directive) အပေါ်အခြေခံပြီး လူထုအကြံပြုဆွေးနွေးပွဲများအား ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ ထားဝယ်နှင့် မြစ်ကြီးနားမြို့တို့တွင် ပြုလုပ်ပြီးဖြစ်ပါကြောင်း၊ ယခုညီလာခံမှတစ်ဆင့် မိမိတို့နိုင်ငံ၏ ရေဆိုင်ရာ အခြေအနေမှန်အား ထင်ဟပ်နိုင်သည့် ရေဥပဒေ ပြဌာန်းရေးဆိုင်ရာအကြံပြုချက်များ ပေါ်ထွက်လာရေးအား မျှော်လင့်ထားပါကြောင်း။

ယခုကျင်းပသည့် ညီလာခံကြီးမှ မိမိတို့နိုင်ငံ၏ ပြည်သူများအတွက် မဟာဗျူဟာသဘောဆောင်ပြီး လက်တွေ့ကျသည့် အကျိုးရလဒ်အား ဖော်ဆောင်ပေးနိုင်မည့် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုများအတွက် ရှေ့ဆက်မည့်မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များအား ဖော်ထုတ်ပေးနိုင်ရေး ဝိုင်းဝန်းအကြံပြုပေးကြပါရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်မှ စီးပွားရေးပညာရှင် Dr.Claudia W Sadoff နှင့် ယူနီဆက်မှ Mr.Bertrand Bainvel တို့က ရေအရင်းအမြစ်၏ အရေးပါပုံနှင့် အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ဆောင်ချက်များကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင်များ၊ အဖွဲ့ဝင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အမျိုးသားအဆင့် ရေညီလာခံသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဆွေးနွေးပွဲကိုကျင်းပခဲ့ကြပြီး မြန်မာနိုင်ငံရှိ ရေကဏ္ဍပြုပြင်ပြောင်းလဲရေး၊ လူသားနှင့်ပတ်ဝန်းကျင်အတွက်ရေ၊ ရေနှင့်စွမ်းအင်၊ ရေနှင့် အစားအစာ၊ ရေနှင့်ရာသီဥတုပြောင်းလဲမှု၊ ရေအရည်အသွေးနှင့် ညစ်ညမ်းမှုထိန်းချုပ်ရေး၊ ကျေးလက်ဒေသ ရေဖြန့်ဖြူးရေး၊ မြို့ပြ ရေဖြန့်ဖြူးရေး၊ စိုက်ပျိုးရေးအတွက်ရေ၊ ရေအရင်းအမြစ်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသ ထိန်းသိမ်းရေး၊ သောက်ရေ၊ သောက်သုံးရေနှင့် ပြည်သူ့ကျန်းမာရေး၊ ရေဖြန့်ဖြူးရေး၊ မိလ္လာစနစ်နှင့် ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အမျိုးသားရေညီလာခံ တက်ရောက်လာကြသူများနှင့် ဘာသာရပ်ဆိုင်ရာပညာရှင်များသည် သက်ဆိုင်ရာအကြောင်းအရာများအလိုက် အဖွဲ့ငယ်များခွဲ၍ ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အရပ်ဘက်လူ့အဖွဲ့အစည်းမှ ကိုယ်စားလှယ် ဦးအောင်မြင့်က ရေနှင့်စွမ်းအင်၊ လယ်ယာကဏ္ဍပညာရှင်၊ မြေနှင့်ရေစီမံခန့်ခွဲမှု ပညာရှင် ဦးထုတ်စံက ရေနှင့် အစားအစာ၊ SMART ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က ရေနှင့် ရာသီဥတုပြောင်းလဲခြင်း၊ MES အုပ်စု ရေနှင့်သန့်ရှင်းရေး ကျွမ်းကျင်သူများဌာနမှ ဒေါက်တာဝင်းမင်းဦးက ရေအရည်အသွေးနှင့်ညစ်ညမ်းမှု ထိန်းချုပ်ရေး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်ထွန်းက လူသားနှင့် ပတ်ဝန်းကျင်အတွက်ရေ ခေါင်းစဉ်တို့ဖြင့် ပံ့ပိုးကူညီပါဝင်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲများအပြီးတွင် ဆွေးနွေးမှုရလဒ်များအပေါ်ပြန်လည်သုံးသပ်ပြီး အရေးကြီးသည့် အချက်အလက်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

□ ပထမနေရာမှ

ဆူဇူကီးဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် အောင်မြင်မှုမရဖူးသေးဘဲ အမြင့်ဆုံးအဖြစ် ၂၀၀၄ ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

# ဒုတိယသမ္မတ ဦးညဏ်ထွန်း ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်း ဝတ်မှုန်ကူးခြင်းပွဲတော်အား ကွင်းဆင်းကြည့်ရှုအားပေး နိုင်ငံ၏စားရေရိက္ခာဖူလုံရေးအတွက် စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များ တိုက်တွန်းမှာကြား

**နေပြည်တော်　အောက်တိုဘာ　၂၁**

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနီး စက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဧက(၃၀၀၀)စိုက်ကွင်းအတွင်း ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ်စိုက်ခင်းတွင် အဖိုလိုင်း၊ အမလိုင်းဝတ်မှုန်ကူးခြင်းပွဲတော်အား ကွင်းဆင်း၍ ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ယင်းနောက် မျိုးစေ့ထုတ်စိုက်ကွင်းအနီး ရှင်းလင်းဆောင်တွင် ဒုတိယသမ္မတအား တာဝန်ရှိသူများက မျိုးစေ့ထုတ်လုပ်ငန်းများ တစ်နိုင်ငံလုံးတွင် ပျံ့နှံ့ပေါ်ပေါက်လာရေး၊ မျိုးစေ့ထုတ်ပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးနေမှုများ၊ မျိုးစေ့ထုတ်သုတေသနလုပ်ငန်းများ၏ လက်ရှိဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဆန်စပါးသီးနှံအား နိုင်ငံခြားဈေးကွက်သို့ တိုးတက်တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်နိုင်ခဲ့မှုနှင့် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန်လိုအပ်ချက်၊ မျိုးစေ့ထုတ်စိုက်ပျိုးရေး ပညာရှင်များ တိုးတက်လေ့ကျင့်မွေးထုတ်တာဝန်ပေးအပ်ရန် လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက လမ်းညွှန်အမှာစကားပြောကြားရာတွင် ယနေ့ကာလသည် ဈေးကွက်စီးပွားရေးစနစ်အရ နိုင်ငံတိုင်း မိမိတို့ ထုတ်ကုန်များကို ဈေးကွက်တွင် ယှဉ်ပြိုင်တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိကြကြောင်း၊ ခိုင်မာစိတ်ချရသော ဈေးကွက်ဝေစုရရှိနိုင်ရေးအတွက် အရည်အသွေးအားဖြင့် လည်းကောင်း၊ ဈေးနှုန်းအားဖြင့် လည်းကောင်း ယှဉ်ပြိုင်နိုင်ရန် လိုအပ်ပါကြောင်း။

တောင်သူလယ်သမားများ အမှန်တကယ်ဝင်ငွေတိုးတက်ရရှိနိုင်မည့် ဆန်စပါးသီးနှံအပါအဝင် စီးပွားရေးတွက်ခြေကိုက်သီးနှံများကို စိုက်ပျိုးနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့နှင့် စိုက်နည်းစနစ်များကို စိုက်ပျိုးရေးပညာရှင်များအနေဖြင့် တစိုက်မတ်မတ်ကြိုးပမ်းဖော်ထုတ်ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း။

မျိုးကောင်းမှ အပင်သန်၊ အပင်သန်မှ အနှံကောင်း၊ အနှံကောင်းမှ ရောင်းပန်းလှမည်ဖြစ်သည့်အတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ပေးရေးသည် အလွန်အရေးကြီးသည့် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း၊ နိုင်ငံနှင့်အဝှမ်း မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှ မျိုးစေ့ထုတ်လုပ်ငန်းများ ပေါ်ပေါက်လာရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။



ယင်းနောက် ဒုတိယသမ္မတသည် တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးဝန်ထမ်းများအား စားသောက်ဖွယ်ရာများကို ဂုဏ်ပြုလက်ဆောင်အဖြစ် ပေးအပ်ပြီး ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ၄လိုက်လက်တံမြောင်းတစ်လျှောက် စိုက်ပျိုးထားသော စက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဧက(၃၀၀၀) ပုလဲသွယ်စပ်မျိုးစပါးစိုက်ကွင်းနှင့် တစ်ဧကတင်း ၂၀၀ အထက်ထွက်ရှိနိုင်သည့် ပုလဲသွယ်မိုးစပါးစိုက်ခင်းတို့အား ကြည့်ရှုပြီး စားသုံးမှုအရည်အသွေးနှင့် ဈေးကွက်သေချာသည့် မျိုးစပါးများကိုရွေးချယ်၍ တိုးတက်ဖြန့်ဖြူးပေးကြရန် မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ တစ်ဆက်တစ်စပ်တည်း ဧက(၄၄၀)ပုလဲသွယ်စပ်မျိုးစပါးစိုက်ကွင်းများနှင့် အလျင်လိုကျေးရွာ တောင်သူလယ်သမားများ စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ်စိုက်ကွင်းများအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

# သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသင်တန်း(လှိုင်)သို့ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၁**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် အောက်တိုဘာ ၂၁ ရက်တွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသင်တန်း Center for Information and Communication Technology Trainings: CICTT (လှိုင်)၌ အိန္ဒိယ-မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်း (India-Myanmar Centre for Enhancement of Information Technology Skills- IMCEITS) နှင့် ဂျပန်-မြန်မာဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း (Information and Communication Technology Training Institute - ICTTI) များကို သင်ကြားပေးလျက်ရှိသော သင်တန်းမှူး၊ သင်တန်းဆရာ ဆရာမများနှင့် တွေ့ဆုံပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာ အခန်းကဏ္ဍများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အခန်းကဏ္ဍသည် လွန်စွာအရေးပါကြောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသင်တန်း(လှိုင်)ကျောင်းသည် အရေးကြီးပါကြောင်း၊ သင်တန်းဆရာ ဆရာမများအနေဖြင့် အရည်အချင်း ပြည့်ဝသော သင်တန်းသားသင်တန်းသူများ ပိုမိုထွက်ပေါ်လာရေး ကြိုးစားသင်ကြားပေးရမည်ဖြစ်ပါကြောင်း၊ သတင်းအချက်အလက်နည်းပညာလုပ်ငန်းများအတွက် သင်တန်းများကို နိုင်ငံတကာအဆင့်မီဖွင့်လှစ်နိုင်ရေး၊ လက်ရှိသင်ကြားနေသော သင်တန်းများအား အဆင့်ပိုမိုမြင့်မားစေရေး၊ သင်တန်းများတိုးချဲ့ဖွင့်လှစ်ပေးနိုင်ရေးနှင့် သင်တန်းသစ်များ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေးတို့အတွက် ဆရာဆရာမများအားလုံး ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သည့် အရည်အချင်းပြည့်ဝသော ပညာရှင်များဖြစ်လာအောင် မွေးထုတ်သင်ကြားပေးရန် လိုအပ်ပါကြောင်းနှင့် သင်တန်းများပြီးဆုံးပါက သင်တန်းဆင်းကျောင်းသားကျောင်းသူများ အလုပ်အကိုင်ရရှိရေး စီစဉ်ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ အလုပ်ခွင်သို့ ဝင်ရောက်ရန် အသင့်ဖြစ်နေမည့် ကျောင်းသားကျောင်းသူများဖြစ်အောင် သင်ကြားပေးရန်မှာကြားသည်။



**အောက်တိုဘာ ၂၁ ရက်က ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ပုလဲသွယ်(၁) အထူးအထွက်တိုးစပ်မျိုးစပါး F-1 ထုတ်လုပ်ရေး ဝတ်မှုန်ကူးပွဲကျင်းပစဉ်။**

ကေဆိုင်းနော်(ဖားကန့်)

ထို့နောက် ကျောင်းသား ကျောင်းသူများ၏ Project Presentation များကို ကြည့်ရှုအားပေးပြီး ကျောင်းသားကျောင်းသူများ သင်ခန်းစာနှင့် Project များနှင့် IP Industry များ၏ လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ရေး သင်ယူထားကြရန်နှင့် အလုပ်ခွင်ထဲတွင်လည်း မိမိတို့၏ပညာရပ်များ ပိုမိုတိုးတက်လာအောင် အစဉ်ကြိုးစားလေ့လာနေကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းလမ်းညွှန်ကော်မတီ စည်းဝေး

**ရန်ကုန်　အောက်တိုဘာ　၂၁**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် (၈)ရပ်ကွက် လှည်းတန်းစင်တာရှိ ဥရောပသမဂ္ဂအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၇ ရက်က ပြည်သူဗဟိုပြုရဲလုပ်ငန်းစဉ်နှင့် လူစုလူဝေး စီမံခန့်ခွဲမှုနယ်ပယ်တို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းလမ်းညွှန်ကော်မတီအစည်းအဝေးအမှတ်စဉ်(၄)အား ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ EU သံအမတ်ကြီး Mr. Roland Kobia၊ ရဲဦးစီးအရာရှိချုပ်၊ ရဲလေ့ကျင့်ရေးအရာရှိချုပ်၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ညွှန်ကြားရေးမှူးနယ်စပ်ဖြတ်ကျော်မှုခင်းဌာန၊ EU မှ တာဝန်ခံများနှင့် IMG ရုံးမှ တာဝန်ခံများ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**

# 2NE1အဖွဲ့ မကွဲပါ



လူကြိုက်များသည့် တောင်ကိုရီးယားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် 2NE1အဖွဲ့အား အဖွဲ့ပြိုကွဲသွားပြီဟူသော သတင်းများ ထွက်ပေါ်လာခဲ့မှုအပေါ် ဝိုင်ဂျီအင်န်တာတိန်းမန့် အနေဖြင့် ယင်းသတင်းများသည် အခြေအမြစ်မရှိသည့် ကောလာဟလများသာဖြစ်ကြောင်း တုံ့ပြန်ပြောကြားလိုက်ကြောင်း သိရသည်။

"အဲဒီသတင်းတွေက မမှန်ပါဘူး၊ အဲဒါတွေရဲ့အစက 2NE1အဖွဲ့ရဲ့ အသက်အငယ်ဆုံးအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ မင်ဇီရဲ့ Instagram URL ပြောင်းတာကနေစခဲ့တာပါ"ဟု ဝိုင်ဂျီအင်န်တာတိန်းမန့်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဆက်လက်ပြီး အဖွဲ့အနေဖြင့် အထူးအစီအစဉ်ပေါင်းများစွာဖြင့် ဂီတလောကသို့ ပြန်လည်ခြေဦးလှည့်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဖြိုးဇင် - စုစည်းသည်

# ပျူမြို့ဟောင်းများ သုတေသနလုပ်ငန်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၁**

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် University of Cambridge မှ Professor Dr.JANICE STARGARDT နှင့် ယနေ့တွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံ၍ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်း သုံးမြို့၏ သုတေသနလုပ်ငန်းများကို ဆွေးနွေးရာ မြန်မာနိုင်ငံသည် ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားခဲ့သည့် နိုင်ငံဖြစ်သဖြင့် ပျူယဉ်ကျေးမှုသာမက မွန်-သုဝဏ္ဏဘူမိ၊ ထားဝယ်-သာဂရ ယဉ်ကျေးမှုများပါ ထွန်းကားခဲ့သဖြင့် အဆိုပါယဉ်ကျေးမှုများကိုလည်း သုတေသနပြုလုပ်သင့်ကြောင်း ပြောကြားသည်။

Dr.JANICE STARGARDT သည် မြန်မာ့ယဉ်ကျေးမှုများကို အစဉ်တစိုက် သုတေသနပြု လေ့လာခဲ့သူတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံပျူမြို့ဟောင်း သုံးမြို့ကို အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက် ကာတာနိုင်ငံ ဒိုဟာမြို့၌ ၁၅-၆-၂၀၁၄ ရက်မှ ၂၅-၆-၂၀၁၄ ရက်အထိ ကျင်းပခဲ့သော (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးတွင် မြန်မာနိုင်ငံတော်အတွက် အဆိုပြုထောက်ခံခဲ့သူတစ်ဦးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တရုတ်ယဉ်ကျေးမှုရောင်စုံ ယူနန်ဆပ်ကပ်အနုပညာအဖွဲ့ ရန်ကုန်မြို့၌ ဖျော်ဖြေမည်

ရန်ကုန် အောက်တိုဘာ ၂၁

**မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး ယဉ်ကျေးမှုဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ယဉ်ကျေးမှုဌာနနှင့် ရန်ကုန်မြို့ရှိ ယူနန်အသင်းတို့ကကြီးမှူး၍ တရုတ်နိုင်ငံ ယူနန်ပြည်နယ် "တရုတ်နိုင်ငံယဉ်ကျေးမှုရောင်စုံ ယူနန်" တေးသီချင်းပဒေသာအက ဆက်ကပ်အနုပညာအဖွဲ့၏ မြန်မာနိုင်ငံခရီးစဉ်အဖြစ် ရန်ကုန်မြို့၌ အောက်တိုဘာ၂၉ ရက်တွင် ကပြဖျော်ဖြေမည်ဖြစ်သည်။**

ထိုပဒေသာကပွဲကို ကြည့်ရှုလိုသည့် ပရိသတ်များအား တရုတ်နိုင်ငံနှင့်ပတ်သက်သည့် မေးခွန်းများကို ပထမဆုံးဖြေဆိုနိုင်သူ ၂၀ အား အခမဲ့လက်မှတ်များ ပေးပို့သွားမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများအနေဖြင့် ဖြေဆိုရမည့် မေးခွန်းများမှာ(၁)ယူနန်ပြည်နယ်၏မြို့တော်၊ (၂)တရုတ်နိုင်ငံ၏ နိုင်ငံရတနာအဖြစ် သတ်မှတ်ခံရသော အဖိုးတန်ဆုံးသက်ရှိသတ္တဝါအမည်၊(၃)တရုတ်နိုင်ငံ၏အစည်ကားဆုံးပွဲတော်အမည်၊(၄)တရုတ်နိုင်ငံ၏ အရှည်ဆုံး မြစ်အမည်၊(၅)တရုတ်-မြန်မာချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကိုမည်သို့ တင်စားခေါ်ဝေါ်ပုံ၊ (၆)တရုတ်နှင့်မြန်မာ နှစ်နိုင်ငံလုံး၏ တူညီသော တိုင်းရင်းသားမျိုးနွယ်အမည်တို့ ဖြစ်သည်။

ဖြေဆိုလိုသည့် စိတ်ဝင်စားသူများသည် Chinaembspk.mm@gmail.com သို့အမည်၊ ဖုန်းနံပါတ်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ ဖြည့်သွင်းကာ ဖြေဆိုပြီး ပြပွဲလက်မှတ်များကို ရယူနိုင်ကြောင်း သိရသည်။

**(မော်မော်)**

# သူငယ်ချင်းထံမှ အကြံဉာဏ်ကောင်းများ အပြည့်အဝရရှိခဲ့သူ ဆီလီနာဂိုမက်ဇ်




မကြာမီကာလများအတွင်းက အဆင်မပြေမှုများနှင့် ဆက်တိုက်ဆိုသလို ကြုံတွေ့ရင်ဆိုင်ခဲ့ရသည့် အမေရိကန်မင်းသမီး၊ တေးသံရှင် ဆီလီနာဂိုမက်ဇ်က အဆင်မပြေမှုများကြုံတွေ့နေချိန်တွင် သူငယ်ချင်းမိတ်ဆွေတစ်ဦးဖြစ်သူ တေလာဆွတ်ဖ်၏ အားပေးနှစ်သိမ့်မှုများ၊ အကြံဉာဏ်ကောင်းများ အပြည့်အဝရရှိခဲ့ကြောင်း အမေးအဖြေကဏ္ဍတစ်ခုတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

တေလာဆွတ်ဖ်က ဂိုမက်ဇ်အနေဖြင့် မိမိအနီးတွင် ဝန်းရံနေသော အခက်အခဲများကြား နစ်မြုပ်မနေဘဲ ယင်းမှတစ်ဆင့် ပိုမိုကောင်းမွန်သော စိန်ခေါ်မှုအသစ်များအဖြစ် ပြောင်းလဲလှုံ့ဆော်ပေးရန်နှင့် အခက်အခဲများကြားတွင် ရှင်သန်မနေဘဲ မိမိကိုယ်ကို တိုးတက်ရာတိုးတက်ကြောင်းများ ဆက်လက်လုပ်ဆောင်သွားရန် တွန်းအားပေးခဲ့သဖြင့် မိမိအနေဖြင့် ခွန်အားသစ်များရရှိခဲ့ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

အနာဂတ်တွင် ဂိုမက်ဇ်အနေဖြင့် အနုပညာလောကအတွင်းသို့ပြန်လည်ခြေစုံပစ်ဝင်ရောက်ရန် စီစဉ်ထားပြီး လူမှုပရဟိတလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများတွင် အားတက်သရော ပါဝင်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။



### မဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲ
### စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ ၁၆/၂ (သဃ်န်းကျွန်း)


ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၂ရပ်ကွက်၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်တွင် ပုရိမဝါကျွတ်တော်မူကြကုန်သော ပဓာနနာယကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် အရှင်သုန္ဒရအမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား ကွယ်လွန်သူ မိဘနှစ်ပါးနှင့် အစ်မကြီး ဒေါ်မမလေးတို့အား ရည်စူး၍


ကထိန်ဒါယကာ၊ ကထိန်ဒါယိကာမများ ဖြစ်ကြသော-

ဦးတင်စိန်-ဒေါ်လှသိန်းမိသားစု၊ ဦးလင်း-ဒေါ်နုနုစိန်မိသားစု၊ ဦးမောင်မောင်ရီ-ဒေါ်ကြူကြူမိသားစု၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်ယဉ်ယဉ်အေး၊ ဦးဇော်ဝင်းမောင်နှမတစ်စုနှင့် စွန်းလွန်းယောဂီများစုပေါင်းက (၁၃၇၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ရက်) ၂၆-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ ကြွရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသော စေတနာရှင်များ ဖုန်း-၀၁-၅၆၄၆၅၄၊ ၀၉-၅၅၀၀၄၂၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အဖွဲ့
စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်
၁၆/၂ ရပ်ကွက်၊ သဃ်န်းကျွန်း။





# ရီးယဲလ်တိုက်စစ်မှူး ဂါရတ်ဘေးလ် လီဗာပူးနှင့်ပွဲစဉ် လွဲချော်မည်

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ပေါင်ကြွက်သားဒဏ်ရာပြဿနာ ကြုံတွေ့ထားခြင်းကြောင့် အောက်တိုဘာ ၂၂ ရက်တွင် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်နှင့် လွဲချော်လိမ့်မည်ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ယင်းဒဏ်ရာပြဿနာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက လီဗန်တေးအသင်းအား ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် လာလီဂါပွဲစဉ်တွင်လည်း ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် လီဗာပူးအသင်းနှင့် ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်အတွက် ကစားသမား ၂၀ ရွေးချယ်ခဲ့ရာတွင်လည်း ရီးယဲလ်မက်ဒရစ်အသင်းနည်းပြအန်ဆယ်လော့တီက တိုက်စစ်မှူး ဂါရတ်ဘေးလ်အား ချန်လှပ်ထားခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ဘော့စနီးယား၊ ဆိုက်ပရပ်စသည့် အသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ယူရို ၂၀၁၆ ဝင်ခွင့်ပြိုင်ပွဲတွင်မူ ဝေလအသင်းနှင့်အတူ ပွဲချိန်ပြည့်ပါဝင်ကစားပေးနိုင်ခဲ့သည်။ လက်ရှိတွင် ဂါရတ်ဘေးလ် ဒဏ်ရာပြဿနာ ကြုံတွေ့နေသော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် ၁၂ ပွဲအထိ ပါဝင်ကစားပေးနိုင်ခဲ့ပြီး သွင်းဂိုးငါးဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

**(ငွေကြယ်)**



# ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် တိုက်စစ်မှူး နေမာ ငြင်းဆိုခဲ့ဟုဆို

ရီးယဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက လာလီဂါပြိုင်ဘက် ဘာစီလိုနာအသင်းထက် ကမ္ဘာ့အကောင်းဆုံးကစားသမားအများစုကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ဘရာဇီးတိုက်စစ်မှူး နေမာအား ကမ်းလှမ်းခဲ့ရာတွင် ၎င်းအနေဖြင့် ဘာနေဗျူးသို့ ပြောင်းရွှေ့ကစားရန် ငြင်းဆိုခဲ့ပြီး နူးကမ့်သို့သာ ပြောင်းရွှေ့ကစားခဲ့ကြောင်း ဆန်းတို့စ်အသင်းဥက္ကဋ္ဌဟောင်း ဖြစ်သူ ရီဘီအီရိုက ပြောကြားခဲ့သည်။

နေမာအား စာချုပ်ရန် ကလက်စီကို ပြိုင်ဘက်နှစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာတို့ အပြိုင်ကြိုးပမ်းခဲ့ရာတွင် နေမာအနေဖြင့် ပြောင်းရွှေ့ကြေး ယူရို၈၆ ဒသမ ၂ သန်းဖြင့် ဘာစီလိုနာသို့သာ ပြောင်းရွှေ့ခဲ့သည်။ ယင်းမှာ တိုက်စစ်မှူးနေမာက ရီးယဲလ်မက်ဒရစ်၌ ကစားရန် ဆန္ဒမရှိခဲ့ကြောင်းနှင့် မက်ဆီကို အားကျကာ ၎င်းထံမှ ဘောလုံးပညာရယူရန် ဘာစီလိုနာကိုသာ ဆန္ဒရှိခဲ့ခြင်းကြောင့် ဖြစ်ကြောင်း နေမာကဆိုခဲ့သည်ဟု ရီဘီအီရိုကပြောပြခဲ့သည်။**(ငွေကြယ်)**

# စပိန်လာလီဂါရင်ခုန်သံ-၉

**လာမည့် အောက်တိုဘာ ၂၅၊ ၂၆၊ ၂၇ ရက်တွေမှာ စပိန်လာလီဂါပွဲစဉ်(၉)ကို ယှဉ်ပြိုင်ကစားသွားဖို့ရှိတယ်။ အဆိုပါပွဲစဉ်မှာ စပိန်လာလီဂါရဲ့ မဟာပြိုင်ဘက်နှစ်သင်းဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်နဲ့ ဘာစီလိုနာတို့ ဆုံတွေ့တဲ့ပွဲ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေသလို ဆီဗီးလ်နဲ့ ဗီလာရီးယဲလ်တို့ ဆုံတွေ့နေလို့လည်း အကြိတ်အနယ်ရှိမှာပါ။**

**ဆယ်လ်တာဗီဂို-လီဗန်တေး** **နံနက် ၁း၃၀ (၂၅-၁၀-၂၀၁၄)**

ဆယ်လ်တာဗီဂိုခြေ မဆိုးဘူးလို့ပြောရင်ရတယ်။ နောက်ဆုံးနှစ်ပွဲဆက် မနိုင်ဘူးဆိုပေမယ့် နောက်ဆုံးငါးပွဲမှာ တစ်ပွဲတည်းရှုံးတယ်။ တိုက်စစ်က အဲဒီငါးပွဲစလုံးမှာ ဂိုးမရတဲ့ ပွဲမရှိဘူး။ အထူးသဖြင့် လီဗန်တေးဟာ လက်ရှိအချိန်မှာ ခံစစ်ပိုင်းအားနည်းမှုတွေရှိနေသလို ခြေစွမ်းပိုင်းတည်ငြိမ်မှုအားနည်းတာနဲ့ပါ ချင့်ချိန်ရမယ်။

**အယ်မာရီးယား-ဘီဘာအို** **ည ၈း၃၀ (၂၅-၁၀-၂၀၁၄)**

ဘီဘာအိုကခြေပျက်ယွင်းမှုများလွန်းနေတယ်။ အခုအချိန်အထိ နိုင်ပွဲတစ်ပွဲသာ ရထားသေးတယ်။ နောက်ဆုံး ငါးပွဲဆက်မနိုင်ဘူး။ အဲဒီ ငါးပွဲမှာ သုံးပွဲတိတိရှုံးထားတယ်။ ချန်ပီယံလိဂ်လည်းကစားခဲ့ရမှာဖြစ်လို့ ပွဲပန်းမှုတွေ ရှိလာနိုင်တယ်။ အဲဒါကို အယ်မာရီးယားရဲ့ အိမ်ကွင်းကစားပုံကောင်းမွန်မှုနဲ့ ချင့်ချိန်ရမယ်။

**ရီးယဲလ်-ဘာစီလိုနာ** **ည ၁၀း၃၀ (၂၅-၁၀-၂၀၁၄)**

မဟာပြိုင်ဘက်နှစ်သင်းဖြစ်လို့ အကြိတ်အနယ်ရှိနိုင်တယ်။ ဒီနှစ်သင်းဟာ ချန်ပီယံလိဂ်ကစားခဲ့ရလို့ ပွဲပန်းမှုရှိနေနိုင်တယ်။ ဒီနှစ်သင်းရဲ့ ကွာဟမှုကတော့ ခံစစ်ပိုင်းပဲ။ ဘာစီလိုနာခံစစ်က ရီးယဲလ်ခံစစ်ထက် ပိုမိုကျစ်လျစ်မှုရှိတယ်။ ဒါပေမယ့် ရီးယဲလ်မက်ဒရစ်ရဲ့ အိမ်ကွင်းဖြစ်နေတာနဲ့တော့ ချင့်ချိန်ရမယ်။

**ဗလန်စီယာ-အဲလ်ချီ** **နံနက် ၀၀း၃၀ (၂၆-၁၀-၂၀၁၄)**

ဒီရာသီ ဗလန်စီယာရဲ့ခြေက အားကောင်းမှုအပြည့်ရှိတယ်။ ဥရောပပွဲမရှိခြင်းက လာလီဂါဘက်ကို ပိုပြီးအာရုံစိုက်နေနိုင်တယ်။ ပြီးတော့ အိမ်ကွင်းလည်းဖြစ်တယ်။ အဲလ်ချီက အသင်းလိုက်ကစားပုံမဆိုးဘူး ဆိုပေမယ့် အဝေးကွင်းမှာ ခံစစ်ပိုင်းကမတည်ငြိမ်ဘူး။ အဝေးကွင်းလေးပွဲမှာ ၁၂ ဂိုးအထိ ပေးထားရတာနဲ့ သတိပြုရမယ်။

**ကော်ဒိုဘာ-ဆိုစီဒက်** **နံနက် ၂း၃၀ (၂၆-၁၀-၂၀၁၄)**

ကော်ဒိုဘာက အခုအချိန်အထိနိုင်ပွဲမရသေးဘူး။ အထူးသဖြင့် တိုက်စစ်က အိမ်ကွင်းမှာတောင် လေးပွဲကစားပြီး သုံးဂိုးသာရထားတယ်။ ဒါပေမယ့် ဆိုစီဒက်ကလည်း အဝေးကွင်းမှာခြေစွမ်းပိုင်းအားနည်းမှုတွေ ရှိတတ်ပြီး လက်ရှိခြေစွမ်းပိုင်းလည်း မတည်ငြိမ်ဘူး။ ဆိုစီဒက်ရဲ့ အဝေးကွင်း တိုက်စစ်အားပျော့တာနဲ့ပါချင့်ချိန်ရမယ်။

**အီဘား-ဂရန်နာဒါ** **နံနက် ၂း၃၀ (၂၆-၁၀-၂၀၁၄)**

အီဘားက အိမ်ကွင်းကစားပုံမဆိုးဘူးလို့ပြောရင်ရတယ်။ အိမ်ကွင်းလေးပွဲမှာ တစ်ပွဲတည်းနိုင်ပေမယ့် တစ်ပွဲတည်းရှုံးခဲ့တာ သတိပြုရမယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလည်း တစ်ပွဲတည်း ရှုံးခဲ့တာတွေ့ရတယ်။ အဲ့ဒီခြေဟာ ဂရန်နာဒါထက်သာတယ်။ ဂရန်နာဒါက နောက်ဆုံးလေးပွဲဆက် ရှုံးပွဲကြုံခဲ့တာကို မေ့လို့မရဘူး။

**မာလာဂါ-ဗယ်လီကာနို** **ညနေ ၅း၃၀(၂၆-၁၀-၂၀၁၄)**

မာလာဂါက အခုနောက်ပိုင်းမှာ ကစားပုံပြန်ပြီးတည်ငြိမ်နေတယ်။ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ တစ်ပွဲပဲ ရှုံးတယ်။ နောက်ဆုံး နှစ်ပွဲဆက်တိုက် အနိုင်ရတယ်။ အထူးသဖြင့် တိုက်စစ်က ဂိုးသွင်းခြေမတည်ငြိမ်ပေမယ့် အိမ်ကွင်းကစားပုံကောင်းတယ်။ ဗယ်လီကာနိုခြေငြိမ်နေတာကိုတော့ သတိမပြုလို့မရဘူး။

**အက်စပန်ညို-ဒီပို့တီဗို** **ည ၁၀း၃၀(၂၆-၁၀-၂၀၁၄)**

ဒီပို့တီဗိုက အမှတ်ပေးဇယားအောက်ပိုင်းမှာ ရှိနေတယ်။ အထူးသဖြင့် အဝေးကွင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းကစားပုံအားပျော့တတ်ပြီး အဝေးကွင်းလေးပွဲမှာ တိုက်စစ်က နှစ်ဂိုးသာသွင်းနိုင်တယ်။ အက်စပန်ညိုက အိမ်ကွင်းကစားပုံကောင်းပြီး အိမ်ကွင်းလေးပွဲမှာ တိုက်စစ်က ခုနစ်ဂိုးထိသွင်းနိုင်ကာ အရှုံးတစ်ပွဲသာရှိတာကို မေ့လို့မရဘူး။

**ဆီဗီးလ်-ဗီလာရီးယဲလ်** **နံနက် ၀၀း၃၀(၂၇-၁-၂၀၁၄)**

ဒီပွဲမတိုင်ခင်မှာ နှစ်သင်းစလုံး ဥရောပပွဲတွေကစားရမှာဖြစ်လို့ ပွဲပန်းမှုတွေရှိနေနိုင်တယ်။ ဒါပေမယ့် ဆီဗီးလ်ခြေက အိမ်ကွင်းမှာဆိုရင် အထူးကောင်းမွန်တတ်တယ်။ လေးပွဲမှာ အရှုံးမရှိဘဲ တိုက်စစ်က ရှစ်ဂိုးအထိ သွင်းထားနိုင်ပြီး ခံစစ်က နှစ်ဂိုးပဲပေးရတယ်။ ဒါပေမယ့် ဗီလာရီးယဲလ်ကလည်း အဝေးကွင်းစွမ်းဆောင်ရည် ပိုကောင်းတာ သတိပြုရမယ်။

**ဂီတာဖေး-အက်သလက်** **နံနက် ၂း၃၀(၂၇-၁၀-၂၀၁၄)**

အက်သလက်တီကိုက ချန်ပီယံလိဂ်ရှိလို့ ပွဲပန်းလာနိုင်ပေမယ့် ရီးယဲလ်နဲ့ ဘာစီလိုနာဆုံတွေ့ချိန်မှာ အမှားအယွင်းအဖြစ်ခံမှာ မဟုတ်ဘူး။ လက်ရှိ အက်သလက်တီကိုရဲ့ ကစားပုံကလည်း မဆိုးဘူး။ ရှစ်ပွဲမှာ တစ်ပွဲတည်းရှုံးသေးတာကို သတိပြုရမယ်။ ဒါပေမယ့် ဂီတာဖေးရဲ့ အိမ်ကွင်းအားကိုတော့ ခက်ခက်ခဲခဲကျော်ဖြတ်ဖို့ရှိတာ သတိပြုရမယ်။

**[ရှိုင်းမင်းမင်း]**

**အမျိုးသားလွှတ်တော်ရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

**e-Government လုပ်ငန်းစဉ်များဆိုင်ရာ**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အမျိုးသားလွှတ်တော် e-Government လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အောက်ပါလုပ်ငန်းများ အပ်နှံလိုပါသဖြင့် လုပ်ငန်းအတွေ့အကြုံရှိသော ကုမ္ပဏီများအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Local Area Network (LAN) တည်ဆောက်ခြင်းလုပ်ငန်း

(ခ) Video Conferencing System တည်ဆောက်ခြင်းလုပ်ငန်း

(ဂ) EDMS,GPMS System ချိပ်ဆက်တည်ဆောက်ခြင်းလုပ်ငန်း

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၄-၁၀-၂၀၁၄ရက် (သောကြာနေ့)

တင်ဒါပိတ်မည့်ရက် - ၃၁-၁၀-၂၀၁၄ရက် (သောကြာနေ့)

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

အမျိုးသားလွှတ်တော်ရုံး၊ လွှတ်တော်ဝင်း၊ နေပြည်တော်

ဖုန်း-၀၆၇-၅၉၀၂၃၅၊ ၅၉၀၂၆၈

**အင်းလေးဟိုတယ်ဇုန်မြေကွက်ဝယ်ယူခွင့်ရရှိထားသူများသိရှိစေရန်ကြေညာချက်**

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် အင်းလေးဒေသ၌ ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ညောင်ရွှေမြို့နယ်၊ အင်းလေးကန်အရှေ့ဘက်ခြမ်း မြေအကျယ်(၆၂၂)ဧကတွင် မြေကွက်အမျိုးအစားအလိုက်(A)ဇုန်၊ (B)ဇုန်၊ (C)ဇုန်အဖြစ် ဖော်ထုတ်ပြီး တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ၁၁-၄-၂၀၁၃ရက်တွင် မြေကွက်လျှောက်ထားသူများအား မဲစနစ်ဖြင့် နေရာချထားပေးခဲ့ပြီးဖြစ်ပါသည်။

၂။ ထို့အပြင် ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီမှလည်း အခြေခံလမ်းတံတားနှင့် လျှပ်စစ် မီးရရှိရေးလုပ်ငန်းများအား ၁၀၀%တည်ဆောက်ပေးခဲ့ပြီး စက်လှေဆိပ်တည်ဆောက်ရေးနှင့် ဆက်သွယ်ရေးကွန်ယက်လုပ်ငန်းများအား ဆက်လက် အကောင်အထည်ဖော်လျက်ရှိပါသည်။

၃။ ဟိုတယ်ဇုန်မြေကွက်ဝယ်ယူခွင့် ရရှိထားသည့် လုပ်ငန်းရှင်များအား တန်ဖိုးငွေများ အကျေပေးသွင်းရန် ၂၂-၁-၂၀၁၄ ရက်နှင့် ၁၃-၃-၂၀၁၄ရက်တို့တွင် နှစ်ကြိမ်အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ငွေအကျေပေးသွင်းပြီးသည့် လုပ်ငန်းရှင်များအား သက်ဆိုင်ရာအခွန်အခများ ပေးသွင်းပြီး မြေစာရင်းပုံစံ(၁၀၅)ရေးဆွဲရန်နှင့် စက်မှုမြေဂရန်ထုတ်ပေးနိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ပေးရန်ရှိပါ၍ ငွေအကျေပေးသွင်းပြီးသည့် လုပ်ငန်းရှင်များမှ မြေစာရင်း ပုံစံ(၁၀၅)နှင့် စက်မှုမြေဂရန်လျှောက်ထားရန် ပွင့်လင်းရာသီအမီ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ပါရန်နှင့် ငွေပေးသွင်းရန်ကျန်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ(၃၀)ရက် နောက်ဆုံးထားပေးသွင်းကြပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။


အင်းလေးဒေသဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ





















# မြဝတီမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၃၈ ပြား၊ ဆေးခြောက် ၁၅ ဂရမ် သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၁

မူးယစ်တပ်ဖွဲ့စု (၃၂)မြဝတီမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၈ ရက်က မြဝတီမြို့ ရပ်ကွက်(၄) ဓိဠာန်အောင်လမ်းနေ အောင်ထွန်း(ခ) လက်ကောက်၏ နေအိမ်အား ရှာဖွေရာ ၎င်းနှင့်အတူ မင်းကိုဦးနှင့်ခင်နိုင်မင်း(ခ)မှဲ့ကြီးတို့အား တွေ့ရပြီး အောင်ထွန်း(ခ) လက်ကောက်၏ အိပ်ရာဘေးမှ စိတ်ကြွရူးသွပ်ဆေးပြား ငါးပြား၊ မင်းကိုဦး၏ အင်္ကျီအိတ်အတွင်းမှ ဆေးခြောက် ၁၅ ဂရမ်တို့အား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ မြဝတီမြို့ ရပ်ကွက်(၄)ရန်မျိုးနိုင်လမ်းနေ မမိုးစက်ပွင့်၏ နေအိမ်အားရှာဖွေရာ ၎င်းမှာ တိမ်းရှောင်လျက်ရှိပြီး နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၃ ပြားအား သိမ်းဆည်းရမိသဖြင့် အောင်ထွန်း(ခ) လက်ကောက်(၃၂)နှစ်၊ မင်းကိုဦး(၃၂)နှစ်၊ ခင်နိုင်မင်း(ခ) မှဲ့ကြီး (၃၄)နှစ်နှင့် မမိုးစက်ပွင့်တို့ လေးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**



**အောင်ထွန်း(ခ)လက်ကောက်၊ မင်းကိုဦး၊ ခင်နိုင်မင်း(ခ)မှဲ့ကြီးတို့ သုံးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၂၁

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PETROVIETNAM EXPLORATION PRODUCTION OVERSEAS CO.,LTD သည် မုတ္တမကမ်းလွန် လုပ်ကွက် အမှတ် M-2 တွင် Side Scan Sonar Survey တိုင်းတာခြင်းလုပ်ငန်းများကို MV.SEA PRINCESS(Call Sign;XYFU) ဖြင့် အောက်ဖော်ပြပါ Coordinates များတွင် အောက်တိုဘာ ၂၅ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| Point(A) | 15° 46' 26"N | 93° 54' 54"E |
| Point(B) | 15° 47' 59"N | 93° 56' 39"E |
| Point(C) | 15° 46' 25"N | 93° 58' 15"E |
| Point(D) | 15° 44' 59"N | 93° 56' 38" E |

အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက် ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**



**ဦးလေးကြီး(ခ) မြင့်ထွန်း (ခ) ဆန်းလွင်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# ကျောက်ဆည်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၂ ပြား သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၁

မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေးတောင်မှတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၇ ရက်က သတင်းအရ ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ကျေးရွာ မြမြင့်မိုရ် လက်ဖက်ရည်ဆိုင်သို့ ဆိုင်ကယ်ဖြင့်ရောက်ရှိလာသူ ဦးလေးကြီး(ခ) မြင့်ထွန်း(ခ) ဆန်းလွင်အားရှာဖွေရာ ဆိုင်ကယ်ဒူးကာ နှစ်ဖက်အတွင်းမှ ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၂ ပြား သိမ်းဆည်းရမိသဖြင့် ဦးလေးကြီး(ခ)မြင့်ထွန်း(ခ)ဆန်းလွင်(၄၅)နှစ်အား အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကလောမြို့တွင် ဘိန်းစိမ်း ၁၁ ကီလို သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၁

မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၉ ရက်က ကလောမြို့အထွက် သာစည်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် အောင်ပန်းမြို့မှ ကလောမြို့သို့ ရန်ကြီးအောင် မောင်းနှင်သည့် ခရီးသည်တင်မှန်လုံယာဉ်အား စစ်ဆေးရှာဖွေရာ ထိုင်ခုံအမှတ် (၁၇)တွင်လိုက်ပါလာသူ ခရီးသည် ဦးကြည်၏ ထိုင်ခုံရှေ့ရှိ ၎င်းပိုင်ပလတ်စတစ်ဆွဲပုံးအတွင်းမှ ပလတ်စတစ်အိတ် ခြောက်အိတ်ဖြင့်ထုပ်လျက် ဘိန်းစိမ်းအလေးချိန် ၁၁ ကီလိုသိမ်းဆည်းရမိသဖြင့် ဦးကြည်(၅၃)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဦးကြည်အား သိမ်းဆည်းရမိ ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။**

**မူးယစ်ကင်းစင် အလှဆင်**

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးထွန်းသိန်း(ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်ငွေငွေမြင့်တို့၏ သားကြီး

မောင်ကျော်စွာထွန်းသိန်း

**3rd Year (English)**

နှင့်

မြစ်ကြီးနားမြို့နေ ဦးဘီလော်ဇေခေါင်-ဒေါ်လဖိုင်ထုနန်တို့၏သမီးကြီး

မဘီလော်ခေါင်နော

**3rd Year (English)**

တို့၏ ၁၉-၁၀-၂၀၁၄ရက် Inya Lake Hotel ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်များ ချီးမြှင့်ပေးပါသော သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးလှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်၏ဇနီး ဒေါ်စုညွန့်ဦး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း(ငြိမ်း)နှင့် စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ ပေးပို့ ချီးမြှင့်ကြပါသော ပုဂ္ဂိုလ်များ၊ မင်္ဂလာအခမ်းအနားမှူး ဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော်ထပ်ဆင့်အကယ်ဒမီဒေါ်ချိုပြုံးနှင့် The Aces တေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံမိတ်ကပ်၊ ဆံပင်၊ မင်္ဂလာအကြိုနှင့် မှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးပါသော Aroma Zulu Studio မှ ကိုအောင်မြတ်သူ၊ ကိုစိန်လင်းနှင့် မိသားစုများ၊ Inya Lake Hotel မှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးသော Dagon Printing & Invitation Cards၊ ပန်းအလှနှင့် အစစအဆင်ပြေအောင် ကူညီဆောင်ရွက်ပေးပါသော ဦးထွန်းထွန်းဦး၊ မင်္ဂလာညှော်ခံပွဲ အောင်မြင်အောင် အစစအရာရာအဆင်ပြေအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော မိဘဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှိုက်လှဲလှဲဖြင့် ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်ကျော်စွာထွန်းသိန်း-မဘီလော်ခေါင်နော**

POST
Tel: 09420129333

RFP (Request for Proposal)

# မြို့မစျေးတွင် ခရီးသည်များအတွက်ပစ္စည်းသယ်ပို့ရန်တွန်းလှည်းများစီစဉ်ပေးထား



**နေပြည်တော်၊ အောက်တိုဘာ ၂၁**

နေပြည်တော်မြို့မစျေး အရှေ့ကားဂိတ်ဝင်း အတွင်းနှင့်အပြင်ဘက် ကားရပ်နားစခန်းများတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ (စျေးများဌာန) ၏ အစီအစဉ်ဖြင့် ခရီးသည်များ ပစ္စည်းသယ်ပိုးရာတွင် လွယ်ကူချောမွေ့စေရန် လက်တွန်းလှည်းများ ထားရှိပေးထားကြောင်း သိရသည်။

ယင်းကဲ့သို့ လက်တွန်းလှည်းများထားရှိပေးသည့်အတွက် ခရီးသည်များ ကားဂိတ်အတွင်းနှင့်အပြင်သို့ ပစ္စည်းများသယ်ယူရာတွင် ကိုယ်တိုင်တွန်းစနစ်ဖြင့် ပို့ဆောင်နိုင်ပြီး အသုံးပြုပြီးလျှင်လည်း တွန်းလှည်းအား မူလသတ်မှတ်နေရာသို့ ပြန်လည်ပို့ဆောင်ပေးရန် ဆိုင်းဘုတ်အနီရောင်တို့ဖြင့် ရေးသားပေးထား ကြောင်းသိရသည်။

"တချို့ခရီးသည်တွေက တွန်းလှည်းအသုံးပြုပြီးရင် ပြီးခဲ့တဲ့နေရာမှာ ထားခဲ့ကြတယ်။ ကျွန်တော်တို့က တစ်ခုချင်းလိုက်လံသိမ်းဆည်းရတယ်။ မူလနေရာကို ပြန်မပို့ကြဘူး။ လူအများနဲ့ဆိုတော့ အဲဒီလို အခက်အခဲလေးတွေရှိတယ်" ဟု ယင်းနေရာတွင် တာဝန်ထမ်းဆောင်နေသည့် စည်ပင်သာယာဝန်ထမ်းတစ်ဦးက ပြောပြခဲ့သည်။

ခရီးသည်များဘက်မှလည်း တစ်ဦးချင်းစီ၏ အသိတရားဖြင့် နှစ်ဦးနှစ်ဖက်အဆင်ပြေစေရေးအတွက် အခမဲ့သုံးစွဲရသည့် လက်တွန်းလှည်းငယ်ကလေးများအား မူလသတ်မှတ်နေရာသို့ ပြန်လည်ထားရှိပေးစေလိုကြောင်း ပြောသည်။

**ကိုကိုလွင်(နေပြည်တော်)**

# တမူးမြို့တွင် မိုးရာသီကာလအတွင်း လုံးချင်းအိမ်ငှားရမ်းမှု ကျဆင်းခဲ့

**တမူး၊ အောက်တိုဘာ ၂၁**

အိန္ဒိယ-မြန်မာနယ်စပ် တမူးမြို့တွင် ယခုမိုးရာသီကာလအတွင်း စျေးအရောင်းပါးနေပြီး တစ်ဖက်နိုင်ငံမှ ကုန်သွယ်သည့်လမ်းများမှာလည်း မကြာခဏပိတ်ထားရမှုများကြောင့် စျေးအရောင်းအဝယ်မှာ အထူးကျဆင်းနေရာ ရန်ကုန်၊ မန္တလေးနှင့် မြို့ကြီးများမှ ကုန်သည်ကြီးများလည်း လာရောက်မှုနည်းပါးလာသောကြောင့် တမူးမြို့ပေါ်ရှိ လုံးချင်းအိမ်ငှားရမ်းရမှုများ လျော့ကျလာကြောင်း ဒေသခံများက ပြောသည်။

"တမူးမှာ အိမ်အငှားစျေးကွက်က စျေးကောင်းတယ်။ လုံးချင်းအိမ်ကို သိန်းဂဏန်းပေးပြီး ငှားကြတယ်။ တစ်ထပ်တိုက်ဆိုရင် အနည်းဆုံး တစ်သိန်းကျော်တယ်။ တမူးက စီးပွားရေးမြို့ဆိုတော့ မြို့ကြီးတွေက ကုန်သည်တွေ တိုက်ရိုက်လာဝယ်ကြတယ်။ ကုန်သွယ်မှုအခြေအနေလေးကောင်းလာရင် တမူးမှာ လုံးချင်းအိမ်တွေငှားပြီး နေထိုင်လာကြသလို မြေအပိုင်ဝယ်ပြီးလည်း လာနေကြတယ်။ ဒါပေမယ့် မိုးတွင်းကာလမှာ အိန္ဒိယဖက်က လယ်ယာလုပ်ငန်းခွင်ဝင်ချိန်ဆိုတော့ ကုန်သည်တွေက မလာကြဘူး။ ဒါကြောင့် မိုးတွင်းမှာ စျေးအရောင်းအဝယ်မဖြစ်ဘဲ ကုန်သည်တွေကလည်း မလာတော့ လုံးချင်းအိမ်ငှားရမ်းရမှုပါ လျော့ကျလာတယ်" ဟု ဒေသခံကုန်သည်တစ်ဦးက ပြောသည်။

တမူးမြို့သည် အိန္ဒိယ-မြန်မာနယ်စပ်တွင်ရှိပြီး တရုတ်နယ်စပ်၊ ထိုင်းနယ်စပ်၊ ဘင်္ဂလားဒေ့ရှ်နယ်စပ်များထက် ကုန်သွယ်မှုတွင် အားကောင်းလာသောကြောင့် စီးပွားရေးလုပ်ငန်းရှင်များသည် အိမ်ခြံမြေများ၌ ရင်းနှီးမြှုပ်နှံလာကြသည်။

သို့သော် တမူးမြို့အိမ်ခြံမြေ စျေးကွက်တွင် ဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များနှင့် တစ်ဖက်နိုင်ငံအိန္ဒိယမှ စီးပွားရေးလုပ်ငန်းရှင်များသာ ရင်းနှီးမြှုပ်နှံမှုများပြားလျက်ရှိပြီး ရန်ကုန်၊မန္တလေး အစရှိသည့် မြို့ကြီးများမှ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် ဒေသခံအချို့မှာမူ ခေတ္တခဏမျှသာ နေထိုင်မှုအတွက် မြေဝယ်ခြင်းထက် လုံးချင်းအိမ်ရာငှားရမ်းကြမှုသာရှိပြီး ယခုမိုးတွင်းကာလတွင်မူ အိမ်အငှားစျေးကွက်ရှိသော်လည်း ဧည့်အဝင်နည်းပါးမှုကြောင့်လုံးချင်းအိမ်ရာငှားရမ်းရမှုလည်း လျော့ကျလျက်ရှိကြောင်း သိရသည်။

**ချင်းတွင်းသား**

# မန္တလေးတက္ကသိုလ်(၅၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာများ ရက်တိုးမြှင့်ခေါ်ယူ

**မန္တလေး၊ အောက်တိုဘာ ၂၁**

မန္တလေးတက္ကသိုလ်ကကျင်းပခဲ့သည့် သင်တန်းနှစ်များ၏ (ဘွဲ့) စာမေးပွဲများနှင့် ဒီပလိုမာဘွဲ့စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ပြီးသူများသည် မန္တလေးတက္ကသိုလ် (၅၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် တက်ရောက်ဘွဲ့ယူရန်၊ သို့မဟုတ် အဝေးရောက်ဘွဲ့ယူရန်အတွက် ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၂၆ ရက်ထိလည်းကောင်း၊ စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၁၇ ရက်ထိလည်းကောင်း တင်သွင်းကြရန် ကြေညာ၍ ခေါ်ယူထားရှိခဲ့ပြီး ဖြစ်ပါသည်။

မန္တလေးတက္ကသိုလ် (၅၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ကျောင်းသား၊ ကျောင်းသူများ အချိန်လုံလောက်စွာ တင်သွင်းနိုင်ကြရန် ဘွဲ့နှင်းသဘင်လျှောက်လွှာပိတ်ရက်ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၄ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်လိုက်ကြောင်းနှင့် ဘွဲ့နှင်းသဘင်ငွေကြေးများကို နောက်ကျကြေးဖြင့် ပေးသွင်းကြရမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၂၁)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် သက်တမ်းတိုးခြင်းများ ညောင်လေးပင်မြို့၌ဆောင်ရွက်

**ပဲခူး၊ အောက်တိုဘာ ၂၁**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးဆောင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းနှင့် ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်သက်တမ်းတိုးခြင်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့ မြို့နယ်ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီရုံးနှင့် ဘုရားကြီးကွင်း၌ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ခင်စံပယ်နှင့် စစ်ဆေးရေးမှူးများဖြစ်ကြသော ဦးမျိုးဟိန်း၊ ဦးဝင်းသူတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ လိုက်နာစောင့်ထိန်းရမည့်အချက်များ၊ ပြစ်မှုဥပဒေများကို ရှင်းလင်းပြောကြားပြီး ယာဉ်မောင်းသူများအား မေးခွန်းများမေးကာ ဖြေဆိုခြင်းများကို ပြုလုပ်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်စံပယ်၊ ဦးစီးအရာရှိ ဒေါ်ချိုချိုခိုင်နှင့် အဖွဲ့ဝင်များ၊ ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတာနှင့် အဖွဲ့ဝင်များက ပူးပေါင်း၍ ယာဉ်မောင်း လိုင်စင်များနှင့် ယာဉ်သက်တမ်းတိုးလိုင်စင်များ ဆောင်ရွက်ပေးကြရာ တစ်ရက်အတွင်း ယာဉ်မောင်းလိုင်စင်ပြုလုပ်သူ ၁၁၅၄ ဦး၊ မော်တော်ဆိုင်ကယ်သက်တမ်းတိုး ၃၅၃ စီးနှင့် မော်တော်ယာဉ် သက်တမ်းတိုး ၂၆ စီးတို့အား နေ့ချင်းပြီးဆောင်ရွက်ပေးနိုင်ခဲ့ကြသည်။

ဒေသခံပြည်သူတစ်ဦးဖြစ်သော ဆိုင်ကယ်ယာဉ်မောင်းတစ်ဦးကလည်း ယခုကဲ့သို့ သက်ဆိုင်ရာမှ ကွင်းဆင်း၍ လာရောက်ဆောင်ရွက်ပေးခြင်းကြောင့် ပဲခူးမြို့သို့သွားရန် မလိုဘဲ အချိန်ကုန်သက်သာ၊ ငွေကုန်သက်သာကြောင်း ပြောသည်။

**နေလင်း(ညောင်လေးပင်)**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၀၅၃)၊ မြေကွက်တည်နေရာအမှတ်(၁၀၅၃)၊ ၁၆-လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးရန်အေးလင်း၊ ဦးချစ်တင်၊ ဦးသန်းလွင်၊ ဦးတင်ရီ၊ ဦးတင်ခအမည်ပေါက်နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးချစ်တင်နှင့်ဇနီးဒေါ်တင်ပိ၊ ဦးတင်ရီနှင့် ဇနီးဒေါ်လှငွေ ဦးရန်အေးလင်း၊ ဦးသန်းလွင်၊ ဦးတင်ခတို့အသီးသီးကွယ်လွန်သဖြင့် ဒေါ်အေး[၁၂/ဥကတ(နိုင်)ဝ၆၈၈၇ဝ]၊ ဒေါ်ဝင်းမာ(N/OKA-ဝဝ၈၉၈၇) ဒေါ်အုန်းလှ[၁၂/ဥကတ(နိုင်)ဝ၆၁၇၈၇]တို့က တစ်ဦးတည်းသောဇနီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂/ခ)ကံဘဲ့၊ မြေကွက်အမှတ်(၁၄/ပ°)၊ မြေကွက်တည်နေရာအမှတ်(၄၆)၊ မဥ္ဇူလမ်းသွယ်(၁)၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်(ဦးကြည်ထျန်)အမည်ပေါက်မြေပိုင် လ/န-၃(ခ)မြေအား အမည်ပေါက်ဖခင်ဦးကြည်ထျန်(မြို့မြေစာရင်းတွင် မှတ်ပုံတင်အမှတ်(မပါပါ) ကွယ်လွန်နှင့် မိခင်ဖြစ်သူဒေါ်သန်းထွေး(ကွယ်လွန်)သဖြင့် (၁)ဦးဝင်းတင်[၁၂/စခန(နိုင်)ဝ၄၅၁၄၄]၊ (၂)ဒေါ်ခင်စောကြည်[၁၂/စခန(နိုင်)ဝ၄၅၁၄၁]၊ (၃)ဒေါ်မိမိကြည်[၁၂/စခန(နိုင်)ဝ၅၃၈၆၂]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ မြေကွက်အမှတ်(တ/၂ဝ၃)၊ မြေကွက်တည်နေရာအမှတ်(တ/၂ဝ၃)၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးရှိန်ဝင်း[၁၂/ဒဂန(နိုင်)ဝ၂၁၇၇၆] နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးရှိန်ဝင်းထံမှ အရောင်းအဝယ်စာချုပ်-၈၅/ဝ၄ (၁၉-၁-ဝ၄)ဖြင့် ဒေါ်စမ်းစမ်းသင်း တရားရုံး(ကိုယ်စား) ဘီလစ် ဒေါ်မင်းမင်းကြိုင်[၉/ခမစ(နိုင်)ဝဝ၄၆၂၁] တရားမကြီးမှုအမှတ်-၁၈၂/၁၄ (၉-၅-၁၄)နှင့် တရားမဇာရီမှုအမှတ်-၈၂/၁၄ (၁-၈-၁၄)တို့တင်ပြ၍ စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ရန်နှင့် ကန့်ကွက်နိုင်ခြင်း မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/ဆေးစက်)၊ မြေကွက်အမှတ်(၁၈၉)၊ မြေကွက်တည်နေရာအမှတ်(၁၈၉)၊ မဟာဗန္ဓုလလမ်း၊ ဆေးစက်ရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးခွေးCM- 003045)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခွေး(ဖခင်)နှင့် ဒေါ်ခင်ရွှေ(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်သိန်းသိန်းစိန်[၁၂/ဒပန(နိုင်)ဝ၁၂၃၆၇]၊ ဒေါ်သိန်းသိန်းနွဲ့[၁၂/ဒပန(နိုင်)ဝ၁၂၁၄၁]၊ ဒေါ်ခင်စန်းမူ[၁၂/ဒပန(နိုင်)ဝ၁၂၃၂၆]၊ ဒေါ်ကြည်ဝင်း[၁၂/ဒပန(နိုင်)ဝ၁၁၇၆၃]၊ ဒေါ်တင်စန်း[၁၂/ဒပန(နိုင်)ဝ၁၁၇၃၂]၊ ဒေါ်တင်ငွေး[၁၂/ဒပန(နိုင်)ဝ၅၇၁၅၇]၊ ဦးစောထွန်းအောင်[၁၂/ဒပန(နိုင်)ဝဝ၁၄၇၁]၊ ဒေါ်ခင်မိမိ[၁၂/ဒပန(နိုင်)ဝ၄၃၂၇၁]၊ ဦးဝင်းနိုင်[၁၂/ဒပန(နိုင်)ဝဝ၇၅၃၉]ဒေါ်ကြည်ဝင်းမှ ကိုယ်တိုင်နှင့် ကျန်မောင်နှမ(၈)ဦးထံမှGP-၁၃ဝ၈၉/၁၄(၁၅-၅-၁၄)နှင့်GP-၁၃ဝ၉၁/၁၄(၁၅-၅-၁၄) ရယူလျက် ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ


သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၂၄၉/က)၊ မြေကွက်တည်နေရာအမှတ်(၂၄၉/က)၊ သိင်္ဂီ(၂)လမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ရင်ရင်အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ရင်ရင်(ဇနီး) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ခင်ပွန်းဖြစ်သူ ဦးသန်းအောင်[၁၂/သကတ(နိုင်)ဝ၂ဝ၂၄ဝ]မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ရန်နှင့် ကန့်ကွက်နိုင်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ်(၈၆၃/ခ)၊ မြေကွက်တည်နေရာအမှတ် (၈၆၃/ခ)၊ ဇာဂ(၁၅)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးခင်လှိုင်အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဖခင်(ဦးခင်လှိုင်)၊ မိခင်(ဒေါ်သောင်းဟန်)တို့ကွယ်လွန်သဖြင့် ဦးတင်စန်း[၁၂/ကမရ(နိုင်)ဝ၅၄၃၉၂]က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)တောင်ရပ်ကွက်၊ မြေကွက်အမှတ်(၇၇ဝ/က)၊ မြေကွက်တည်နေရာအမှတ်(၇၇ဝ/က)၊ အောင်သစ္စာ(၆)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးဇော်သန်း) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဦးဇော်သန်း [၁၂/သကတ(နိုင်)ဝ၇၅၅၂၄]ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၇၁၂/၂ဝ၁၃) ရသူ ဒေါ်ကေသီသန်းဖေ [၁၂/ဗတထ(နိုင်)ဝ၁၆၇၂၅]မှ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်အရ ၂ဝ၁၃ခုနှစ်တွင် အရောင်းမြေပုံကူးယူခဲ့ခြင်းနှင့်ပတ်သက်၍ ယင်းမြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြလာသဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ရန်နှင့် ကန့်ကွက်နိုင်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# စစ်ကိုင်းမြို့အတွင်းရှိ ကျေးရွာများတွင် အလှူ မင်္ဂလာပွဲများ၌ အင်္ကျီလက်ဆောင်ကမ်းသည့် ဓလေ့ရှိလာသဖြင့် တံဆိပ်ရိုက် လုပ်ငန်းများ လုပ်ငန်းတွင်ကျယ်စွာ လုပ်ကိုင်နေရ

**စစ်ကိုင်း၊ အောက်တိုဘာ ၂၁**

စစ်ကိုင်းမြို့အတွင်းရှိ ကျေးရွာအလှူများ၊ မင်္ဂလာပွဲများတွင် အင်္ကျီလက်ဆောင်ပေးသည့် ဓလေ့ထွန်းကားလာသောကြောင့် သီတင်းကျွတ်ပြီးကာလတွင် တံဆိပ်ရိုက်လုပ်ငန်းများသို့ အင်္ကျီတံဆိပ်ရိုက် အပ်နှံသူများ အများအပြား လာရောက်အပ်နှံကြသဖြင့် လုပ်ငန်းများတွင်ကျယ်နေကြောင်း သိရသည်။

၎င်းဒေသအတွင်းရှိရပ်ကွက်၊ ကျေးရွာအများစုတွင် မင်္ဂလာပွဲ၊ ရှင်ပြုအလှူပွဲများအတွက် လူပျို၊ အပျိုများ၊ လူငယ်များအား ဧည့်ခံဖိတ်ကြားကြရာတွင် အလှူရှင်၏နာမည်များ၊ မင်္ဂလာမောင်မယ်တို့၏ နာမည်များကို ရေးထိုးထားသည့် တီရှပ်၊ စွပ်ကျယ်အင်္ကျီ စသည်တို့နှင့် ဖိတ်ကြားကမ်းလှမ်းသည့် ဓလေ့ထွန်းကားလာသဖြင့် ပွဲရာသီကာလတွင် တံဆိပ်ရိုက်လုပ်ငန်းများ အလုပ်အကိုင်များလာခြင်းဖြစ်သည်။

“အခုဆိုရင် မင်္ဂလာဆောင်တွေ၊ ရှင်ပြုပွဲတွေအတွက် အင်္ကျီတံဆိပ်တွေ အများဆုံးရိုက်ပေးရတယ်။ အခု ဧည့်ခံဖိတ်ရင် အလှူရှင်အမည်၊ မင်္ဂလာမောင်မယ်အမည်ပါတဲ့ အင်္ကျီတွေကို တံဆပ်ရိုက်ပြီး ကမ်းလှမ်းဖိတ်ကြားလာကြတယ်။ အထူးသဖြင့် ကျေးရွာတွေမှာ ဒီဓလေ့ ခေတ်စားနေတယ်။ မင်္ဂလာပွဲအတွက်ဆိုရင် အင်္ကျီအထည် ၃၀ ကနေ ၄၀ လောက် တံဆိပ်ရိုက်ပေးရတယ်။ အလှူပွဲတွေဆိုရင် အထည် ၃၀၀ ကနေ ၄၀၀ အထိရိုက်ပေးရတယ်။ တံဆိပ်ရိုက်ခအနေနဲ့ တစ်ထည်ကို ကျပ် ၂၀၀ နှုန်း ယူပါတယ်” ဟု ရွှေစစ်ကိုင်း တံဆိပ်ရိုက်လုပ်ငန်းမှ ဦးကြည်စိုးက ပြောပြသည်။

ယခုအခါ စစ်ကိုင်းမြို့ရှိ တံဆိပ်ရိုက်လုပ်ငန်းဆိုင်များသို့ စစ်ကိုင်းမြို့နယ်၊ အမရပူရမြို့နယ်နှင့် တံတားဦးမြို့နယ်တို့မှ ကျေးရွာများက လာရောက်၍ လုပ်ငန်းအပ်နှံကြကြောင်း၊ အထူးသဖြင့် အမရပူရမြို့နယ်နှင့် တံတားဦးမြို့နယ်များမှ ကျေးရွာများတွင် မြို့ပြစီမံကိန်းများကြောင့် မြေယာဈေးများအဆမတန် တက်လာကာ ဒေသခံများအနေဖြင့် အလှူပွဲ၊ မင်္ဂလာပွဲများကို ခြိမ့်ခြိမ့်သဲသဲကျင်းပလာကြကြောင်း သိရသည်။

မြေယာဈေးနှုန်းတက်သည့် ကျေးရွာများတွင် တစ်နှစ်လျှင် ရှင်ပြုအလှူပွဲ ၃၀ ကျော်အထိ ရှိနေကြောင်း၊ ပွဲများဆက်နေသဖြင့် နောင်နှစ်မှ ကျင်းပရန် ညှိနှိုင်းပေးရမှုများပင် ရှိနေကြောင်း သိရသည်။

အလှူပွဲများနှင့် မင်္ဂလာပွဲများတွင် ယခုအခါ အလှူရှင်နှင့် မင်္ဂလာမောင်မယ်တို့၏ အမည်ပါ တံဆိပ်ရိုက်အင်္ကျီများ လက်ဆောင်ကမ်းလှမ်းဖိတ်ကြားမှု ဓလေ့ထွန်းကားလာပြီး တံဆိပ်ရိုက်လုပ်ငန်းများ အနေဖြင့် ကာယကံရှင်၏ မှာကြားမှုကို လိုက်ကာ စွပ်ကျယ်အင်္ကျီများ၊ တီရှပ်အင်္ကျီများကို တံဆိပ်ရိုက်ပေးရကြောင်းသိရသည်။

ယခင်က နှစ်သစ်ကူးချိန် သင်္ကြန်ပွဲရာသီတွင်သာ ဈေးဆိုင်များ၊ လုပ်ငန်းများ၊ ကုမ္ပဏီများက ဈေးဝယ်သူများအား လက်ဆောင်ပေးရန် ရိုက်နှိပ်မှုများရှိသဖြင့် လုပ်ငန်းလှိုင်လေ့ရှိသော်လည်း ယခုအခါ မင်္ဂလာပွဲ၊ ရှင်ပြုအလှူပွဲရာသီများတွင်ပါ လုပ်ငန်းပေါများနေကြောင်း သိရသည်။

**နန္ဒာမင်းလွင်**



## ကသာမြို့၌ မွေး/ရေ ကျေးလက်လူငယ် သင်တန်းဖွင့်လှစ်

**ကသာ၊ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက ကသာခရိုင်စီမံခန့်ခွဲမှု ကော်မတီရုံးခန်းတွင် မွေးမြူရေးနှင့်ကုသရေး ကျေးလက်လူငယ်သင်တန်း ၁/၂၀၁၄ ဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကသာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ကိုယ်စား အတွင်းရေးမှူး ဦးဝင်းခိုင်က အဖွင့်အမှာစကား ပြောကြားပြီး ကသာခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းပြခဲ့ကြောင်းသိရသည်။

ဆက်လက်၍ ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းတင်က သင်တန်းတွင် ပို့ချမည့်အကြောင်းအရာများကို မိတ်ဆက် ရှင်းလင်းခဲ့သည်။ ကသာခရိုင်ကျေးလက်ဦးစီးဌာနမှဦးစီးမှူးဦးသောင်းမြင့်က သင်တန်းစည်းကမ်းများကို ရှင်းခဲ့ကြောင်း သိရသည်။

သင်တန်းကာလမှာ အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်ထိ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းတက်ရောက်သူ သင်တန်းသား ၆၀ ရှိကြောင်း သိရသည်။

**အေးလွင်(ကသာ)**

## မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ် လှုပ်ရှား

**ဘီးလင်း၊ အောက်တိုဘာ ၂၁**

သထုံခရိုင် ဘီးလင်းမြို့နယ်တွင် မွေးဖွားမှု မှတ်ပုံတင်ခြင်းရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက်၉ နာရီက မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းထွန်း၊ မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာသူဇာဝင်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သဥ္ဇာဝင်းတို့က မွေးဖွားမှုမှတ်ပုံတင်ပြုလုပ်ပေးရခြင်းနှင့် အကျိုးရလဒ်များကို ရှင်းလင်းပြောကြားခဲ့ကြသည်။

အဆိုပါ ရက်သတ္တပတ် လှုပ်ရှားမှုကို ဘီးလင်းမြို့နယ်တွင် စုရပ် ၁၀ ခု ထားရှိကာ အောက်တိုဘာ ၂၀ မှ ၂၄ ရက်အထိ အသက်ငါးနှစ်အောက် ကလေးငယ်များကိုသာ မွေးဖွားမှုမှတ်ပုံတင် ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန် သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်

**ရန်ကုန်၊ အောက်တိုဘာ ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်၊ သစ်ကိုင်းများခုတ်ထွင် ရှင်းလင်းခြင်းများကို ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရွှေပြည်သာမြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီ၊ ပန်းဥယျာဉ်ဌာနတို့ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဓာတ်အားပြတ်တောက်မှုနှင့် လျော့နည်းပျောက်ဆုံးမှုများ မဖြစ်ပေါ်စေရန်အတွက် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းနှင့်သစ်ကိုင်း ခုတ်ထွင်ခြင်းလုပ်ငန်းများကိုအပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း လုပ်ဆောင်ကြကြောင်း သိရသည်။

အောက်တိုဘာ ၁၈ ရက်က ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရွှေပြည်သာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းမင်းဦးတို့ ဦးဆောင်ကြီးကြပ်၍ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် ကြံ့ခိုင်မှုရှိစေရေးအတွက် ဓာတ်အားပို့လွှတ်ပစ္စည်းများ စစ်ဆေးခြင်း၊ ကြွေသီးများ အစားထိုး လဲလှယ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပြီးနောက် ဘုရင့်နောင်လမ်းတစ်လျှောက် ပေ ၇၂၀၀ ရှည်သော ၁၁ ကေဗွီ မဟာမြိုင် ၁၁ ကေဗွီ၊ ဘရင့်နောင်မြောက် ဓာတ်အားလိုင်းပေါ်ရှိ သစ်ပင်သစ်ကိုင်းများအား မြို့နယ်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်ဌာန တာဝန်ခံဒေါ်လဲ့လဲ့ ခေါင်းဆောင်သော ဝန်ထမ်းများနှင့် ပူးပေါင်းကာ ခုတ်ထွင်ရှင်းလင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြင့်သန်းကြည် (ရွှေပြည်သာ)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ အုတ်ဖိုကျေးရွာကို ရပ်ကွက်အဆင့် ပြန်လည်ပြင်ဆင်ချထားခဲ့ရာတွင် မြေတိုင်းရပ်ကွက်အမှတ်(၁၆/တိုးချဲ့)၊ မြေကွက်အမှတ်(၈၁၄)၊ အကျယ်အဝန်း ပေ(၄၀×၆၀)ကို ဦးအောင်သူ (TME- ၀၁၆၀၃၁) အမည်ဖြင့် ပြန်လည်နေရာချထားပေးခဲ့ပါသည်။ ဦးအောင်သူမှ မြေချပါမစ် မထုတ်ရသေးပါသဖြင့် ၎င်းအမည်ဖြင့် ပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ဤရုံးသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဦးအောင်သူအမည်ဖြင့် မြေချပါမစ် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

မြေယာရုံးခွဲ(၁၁)၊ မြေနှင့်အခွန်ဌာနခွဲ ရွှေပြည်သာမြို့နယ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ


ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ မြေကွက်အမှတ် (၃၈၀/က)၊ မြေကွက်တည်နေရာအမှတ် (၃၈၀/က) ကျော်ထင်အနော်ရထာလမ်း၊ ဒလမြို့နယ် (ဦးမြင့်ကို)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမြင့်ကိုထံမှ (၂၈-၁၁-၁၁) ရက် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ ထားသူ ဦးဘေရာမူတူး(ခ)ဝင်းနိုင်[၁၂/မဂတ(ဧည့်)၀၀၀၁၉၇] (၂၆-၉-၂၀၁၃)ရက် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ပါကျွန်းရီတာ [၁၂/မဂတ(ပြု)၀၀၁၁၁၅] မှ (၂၁-၈-၂၀၁၄) ရက် ကတိသစ္စာပြုလွှာသေစာရင်း၊ ထောက်ခံကတိသစ္စာပြုလွှာတို့တင်ပြ၍ ဂရန်သစ် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ် (တ/၂၀၄)၊ မြေကွက်တည်နေရာအမှတ် (တ/၂၀၄)၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက် ဦးရှိန်ဝင်း[၁၂/ဒဂန(နိုင်)၀၂၁၇၇၆] နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးရှိန်ဝင်းထံမှ အရောင်းအဝယ်စာချုပ် ၈၆/၀၄ (၁၉-၁-၀၄) ဖြင့် ဒေါ်ရီရီထွန်း တရားရုံး (ကိုယ်စား) ဘီလစ် ဒေါ်မင်းမင်းကြိုင် [၉/ခမစ(နိုင်)၀၀၄၆၂၁] တရားမကြီးမှုအမှတ် ၁၆၀/၁၄ (၉-၅-၁၄) နှင့် တရားမဇာရီမှုအမှတ် ၈၁/၁၄ (၁-၈-၁၄) တို့ တင်ပြ၍ စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။


မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂၆/အကွ်(ဖ်)၆)၊ မြေကွက်အမှတ် V၁၂၊ မြေကွက်တည်နေရာအမှတ်(၉၄)၊ သရက်တော(၂)လမ်း၊ သရက်တောတောင်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးသောင်းလွင်(ခ)ဦးသောင်းအေး အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးသောင်းလွင်(ခ) ဦးသောင်းအေး(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဒေါ်အုန်းရှင် [၁၂/ကမတ(နိုင်)၀၃၈၄၉၉]မှ သေစာရင်း၊ ကျမ်းကျိန်လွှာအမှတ် ၉၁၄၀/၂၁-၈-၂၀၁၄ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံနှင့်အပိုင်ပေး မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။


မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ အမှတ်(၂၇၀)နေ ဦးခင်မောင်လေး (CJ-၀၃၇၁၁၂)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်လေး (တရားရုံး)ကိုယ်စား ဘီလစ် ဒေါ်လဲ့လဲ့ခိုင် [၁၃/တကန(နိုင်)၀၀၃၄၁၉] မှ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားမကြီးမှုအမှတ် ၇/၁၄(၇-၇-၂၀၁၄)နှင့် တရားမဇာရီမှု အမှတ် ၈၀/၁၄ (၂၄-၇-၂၀၁၄)တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



### အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ် မြို့မ(၁)ရပ်ကွက်၊ ကန်တော်ဦး(၁)လမ်းတွင် နေထိုင်သူ ကျွန်တော် ဦးခိုင်ဇော်မြင့်[၇/ညလပ(နိုင်)၀၁၅၄၆၆] ကိုင်ဆောင်သူ၏ဇနီးဖြစ်သူ ဒေါ်ကေသီအောင်[၇/ညလပ(နိုင်)၀၂၈၂၄၃] သည် မိမိသဘောဆန္ဒအလျောက် (၄-၉-၂၀၁၄)ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် ၎င်းအား ဇနီးအဖြစ်မှ အပြီးတိုင်စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သော လူမှုရေးကိစ္စ၊ ငွေကြေးကိစ္စ အရှုပ်အရှင်းများအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

ဦးခိုင်ဇော်မြင့်
[၇/ညလပ(နိုင်)၀၁၅၄၆၆]
ညောင်လေးပင်မြို့

# ချင်းတွင်းမြစ်ရေ ကျဆင်းခဲ့၍ ယခင်နှစ် ထက်စောစွာ သင်္ဘော ခရီးစဉ်များရပ်နား

**မုံရွာ၊ အောက်တိုဘာ ၂၁**

ငါးနှစ်တာကာလအတွင်း ထူးခြားစွာ ချင်းတွင်းမြစ်ရေကျဆင်းသွားသောကြောင့် ရေမိုင် ၄၅၄ မိုင်ရှိသော ခန္တီး -မုံရွာ ချင်းတွင်းသင်္ဘောခရီးစဉ်များကို ယမန်နှစ်ကထက်စောလျင်၍ အောက်တိုဘာ ၁၈ ရက်က ရပ်နားလိုက်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန (ချင်းတွင်းဌာနခွဲ)မှ သိရသည်။

ယခုနှစ်တွင် မုံရွာ-ဟုမ္မလင်းခရီးစဉ်ကို သင်္ဘောပြေးဆွဲနိုင်ခြင်းမရှိတော့ဘဲ ယခုအချိန်တွင် မုံရွာ-ကလေးဝ ခရီးစဉ်သာ ပြေးဆွဲပေးခဲ့သည်။

မုံရွာ-ခန္တီးခရီးစဉ်ကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနမှ ပုဂ္ဂလိကသို့ ငှားရမ်းပြေးဆွဲနေခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ကလေးဗဟိုပြုသင်ယူချဉ်းကပ်မှုဆိုင်ရာ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဆင်းပွဲ ကျင်းပ

**မော်လူး၊ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးကျေးရွာအုပ်စု၊ အုန်းဒုတ်ရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ကလေးဗဟိုပြုသင်ယူချဉ်းကပ်မှုဆိုင်ရာ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဆင်းပွဲ ကျင်းပခဲ့သည်။

ယင်းနေ့က အင်းတော်မြို့နယ်ပညာရေးမှူးကိုယ်စား ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဆွေဝင်း၊ သင်တန်းကြီးကြပ်ရေးမှူး ဒေါ်သီသီဝင်း(မုံရွာ)နှင့် ပညာရေးအုပ်စုခေါင်းဆောင်များ၊ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ အင်အား ၂၄၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဆွေဝင်းက ယနေ့ပညာရေးစနစ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော ပညာရေးစနစ်နှင့်အညီ ဆရာဗဟိုပြုသင်ကြားရေးစနစ်မှ ကျောင်းသားလူငယ် (ကလေးဗဟိုပြုသင်ယူချဉ်းကပ်မှု) ဗဟိုပြုသင်ကြားရေးစနစ်သို့ တစ်နိုင်ငံလုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည့်အတွက် ဆရာ၊ ဆရာမများအနေဖြင့် ယခုသင်တန်းကို ကြိုးစားသင်ယူကြပြီး မိမိတို့ကျောင်းများတွင် စနစ်တကျ ပြန်လည်သင်ကြားပေးရန်လိုအပ်ကြောင်း၊ အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးတင်ငွေက ပညာသင်ကြားရေးနှင့် သင်တန်းဖြစ်မြောက်ရေးအတွက် အဖက်ဖက်က ဝိုင်းဝန်းကူညီပံ့ပိုးလျက်ရှိကြောင်း၊ သင်တန်းနည်းပြဆရာမ ဒေါ်သီသီဝင်း(မုံရွာ) က ကလေးဗဟိုပြုသင်ကြားရေးစနစ်သင်တန်း သင်ကြားရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော သင်တန်းသူ၊ သင်တန်းသား ဆရာ၊ ဆရာမများကိုယ်စား ပညာရေးမှူး ဆရာကြီးဦးဝင်းမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၅၈)**

# ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူးမှ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆွေးနွေးဟောပြော

**ဝါးခယ်မ၊ အောက်တိုဘာ ၂၁**

ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ ခရိုင်ဆရာဝန်ကြီး ဦးချိုပြုံး၊ ကလေးအထူးကုဒေါက်တာ အေးအေးလှိုင်၊ အထွေထွေရောဂါကုဒေါက်တာ အေးမျိုးဦး၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှ ဦးဇော်မင်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်အေးရီတို့ ပါဝင်သောအဖွဲ့သည် အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက ဝါးခယ်မမြို့နယ် ပိတ္တာလေးကျေးရွာ အ. ထ. က(ခွဲ)သို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးဟောပြောခြင်း၊ ပညာရေးကဏ္ဍအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀၊ ခဲတံ ၁၆ ဒါဇင်၊ ပေတံ အချောင်း ၂၀၀၊ ဘောပင် အချောင်း၁၅၀တို့အား လှူဒါန်းခဲ့သည်။

ဆက်လက်၍ ခရိုင်ဆရာဝန်ကြီးနှင့်အဖွဲ့၊ မြို့နယ်ဆရာဝန်ကြီးနှင့် အဖွဲ့တို့မှ ပိတ္တာလေး၊ စောကဲ၊ ပဒေသာကုန်း၊ မြင်းကကုန်း၊ သစ်ဖြူချောင်း၊ တယ်ပင်၊ ရွှေကုန်း၊ ငွေချောင်း၊ ဂန်ချောင်း စသည့်ကျေးရွာအုပ်စုများမှ ရောဂါဝေဒနာရှင် ၂၆၅ ဦးအား အခမဲ့ဆေးဝါးကုသမှုများကို ဆောင်ရွက်ပေးခဲ့ကြသည်။

မြို့နယ် လ. ဝ. က ဒုတိယဦးစီးမှူး ဦးတင်ထူးနှင့်အဖွဲ့ဝင်များမှ ပိတ္တာလေးကျေးရွာရှိ ပြည်သူများထဲမှ မှတ်ပုံတင်မရှိသူ ၅၄ ဦး၊ အိမ်ထောင်စုဇယား ၁၅ ခုအား နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့ပြင် ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှ ဦးဇော်မင်းနိုင်နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဦးမျိုးမြင့်ဦးနှင့်အဖွဲ့တို့မှလည်း ပိတ္တာလေးကျေးရွာရှိ တောင်သူများ၏ ကိုင်းစက် ခုနစ်လုံး၊ အင်ဂျင်စက် သုံးလုံးအား ပြုပြင်ဆောင်ရွက်ခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအား ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ကျော်စိန်(ဝါးခယ်မ)**

# အင်းတော်ကြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးနှင့် မြှင့်တင်ရေး လုပ်ငန်းများ စနစ်တကျစီမံဆောင်ရွက်ပေးရန်လိုအပ်



**မိုးညှင်း၊ အောက်တိုဘာ ၂၁**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် အာဆီယံအမွေအနှစ် ဥယျာဉ်တစ်ခုဖြစ်ပြီး ကမ္ဘာပေါ်တွင် အရေးကြီးသော ရေတိမ်ဒေသတစ်ခုဖြစ်သည့်အားလျော်စွာ သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြှင့်တင်ရေးလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက ပြောကြားသည်။


"အင်းတော်ကြီးဟာ အင်းလေးထက် ကြည်နူးချမ်းမြေ့ဖွယ်ရာ၊ စိတ်ဝင်စားဖွယ်ရာကောင်းပြီး ထူးခြားတဲ့ ဝိသေသတွေရှိတယ်။ ရေပျော်ငှက်တွေ၊ ဆောင်းခိုငှက်တွေ၊ ရှားပါးတိရစ္ဆာန်မျိုးစိတ်တွေကို သုတေသနပြု ကြည့်ရှုလေ့လာနိုင်တယ်။ ပြီးတော့ သဘာဝရေကန်ကြီးနဲ့အတူ တန်ခိုးကြီး ရွှေမဉ္ဇူရေလယ်ဘုရားကိုလည်း ဖူးမြော်ကြည်ညိုနိုင်တယ်" ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသသို့ ခရီးသွားလိုပါက မြစ်ကြီးနားသို့ လေယာဉ်ခရီးစဉ်ဖြင့် လိုက်ပါပြီး မိုးညှင်းမြို့နှင့် ဟိုပင်မြို့သို့ ရထား၊ ကားဖြင့်လည်းကောင်း၊ မန္တလေးမြို့မှ မိုးညှင်းမြို့နှင့် ဟိုပင်မြို့သို့ ရထား၊ ကားဖြင့်လည်းကောင်း သွားလာနိုင်ပြီး ထိုမှ အင်းတော်ကြီးဒေသသို့ ကားဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ကြောင်း သိရသည်။

"အခုဆိုရင် နယ်မြေလုံခြုံငြိမ်းချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်မှု၊ လျှပ်စစ်မီးရရှိမှုတွေကြောင့် ခရီးသွားဧည့်သည်တွေအတွက် အခက်အခဲမရှိနိုင်တော့ပါဘူး" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် သဘာဝအခြေခံခရီးသွားစခန်း ၂၁ ခုရှိသည့်အနက် ကချင်ပြည်နယ်အနေဖြင့် မိုးညှင်းမြို့နယ် အင်းတော်ကြီးကန်ဘေးမဲ့တောအပါအဝင် ခရီးသွားစခန်းလေးခုပါဝင်ကြောင်း၊ ယခုအခါ သာမန်ခရီးသွားဧည့်သည်များထက် သဘာဝပတ်ဝန်းကျင်နှင့်ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာစူးစမ်းခြင်း၊ သဘာဝအလှတရား၊ သဘာဝရှုခင်းများနှင့်အတူ အနားယူအပန်းဖြေစခန်းချခြင်းများကို ကမ္ဘာနှင့်အဝှမ်းက ခရီးသွားဧည့်သည်များ ပိုမိုစိတ်ဝင်စားလာခဲ့ကြသဖြင့် အင်းတော်ကြီးဒေသကိုလည်း ခရီးသွားများနှစ်ခြိုက်စွဲလမ်းသောခရီးစဉ်တစ်ခုအဖြစ် စီမံဆောင်ရွက်ပေးနိုင်ပါက ဒေသ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကေဆိုင်းနော်(ဖားကန့်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ


ရွှေပြည်သာမြို့နယ်၊ ကျောက်ကုန်းကျေးရွာကို ရပ်ကွက်အဆင့် ပြန်လည်ပြင်ဆင်ချထားခဲ့ရာတွင် မြေတိုင်းရပ်ကွက်အမှတ်(န/၅၃)၊ မြေကွက်အမှတ်(၅၁၂)၊ အကျယ်အဝန်း ပေ(၄၀×၆၀)ကို ဦးအေးလှိုင်[၁၂/ရပသ(နိုင်)၀၀၂၉၉၇]အမည်ဖြင့် ပြန်လည်နေရာချထားပေးခဲ့ပါသည်။ ဦးအေးလှိုင်မှ မြေချပါမစ်မထုတ်ရသေးပါသဖြင့် ၎င်းအမည်ဖြင့် ပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ဤရုံးသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဦးအေးလှိုင် အမည်ဖြင့် မြေချပါမစ်ထုတ်ပေးသွားမည် ဖြစ်ပါသည်။


မြေယာရုံးခွဲ(၁၁)၊ မြေနှင့်အခွန်ဌာနခွဲ၊ ရွှေပြည်သာမြို့နယ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ


သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၁၉၇/က)၊ မြေကွက်တည်နေရာအမှတ်(၁၉၇/က)၊ သီဂီ(၄)လမ်းတောင်၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်ပြုံး) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ပြုံး(မိခင်)နှင့်ဦးဝေဇင်(ဖခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးမြင့်အောင်[၁၂/သကတ(နိုင်)၀၁၅၄၁၁]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၅၉၁၈/၁၄)ရသူ ဒေါ်မြတ်မြတ်စိုး[၁၂/သကတ(နိုင်)၀၀၂၁၈၁]မှ သေစာရင်း၊ ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းပျက်စီးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။


မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ











# မြိတ်မြို့၌ အေးချမ်းအောင်မြေ ရေသိမ်စေတီတော်ကြီး ရွှေထီးတော်တင်လှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**မြိတ် အောက်တိုဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ စန္ဒဝတ်ကျေးရွာရှိ သုဓမ္မစာရီသီလရှင်ကျောင်းတွင် ဆရာလေး ဒေါ်ဓမ္မစာရီ၏ အိပ်မက်အရ ယခင်ရှေးဟောင်းစေတီတော်နေရာ၌ ခုနစ်ရက်သားသမီးများ ကောင်းမှုဖြင့် အသစ် ပြန်လည် တည်ထားကိုးကွယ်သည့် အေးချမ်းအောင်မြေ ရေသိမ်စေတီတော်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီက စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ရေသိမ်စေတီတော်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ် ပါမောက္ခချုပ်၊ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဒေါက်တာ နန္ဒမာလာဘိဝံသအား ပုနောပသမ္ပသိက္ခာထပ်ပူဇော်ပွဲ အခမ်းအနားကို နံနက် မင်္ဂလာအချိန်တွင် ကျင်းပခဲ့ပြီး တက်ရောက်လာကြသော ဧည့်ပရိသတ်အပေါင်းမှ ဆရာတော်အရှင်သူမြတ်များနှင့် သီလရှင်များအား သိမ်ဆင်းလောင်းလှူခဲ့ကြသည်။

ဆက်လက်၍ မင်္ဂလာမဏ္ဍပ်တွင် ဒါန၊ သီလ၊ ဘာဝနာ ဆည်းပူးခြင်းအစီအစဉ်အရ ဆရာတော်အရှင်သူမြတ်များ၊ သီလရှင်များနှင့် တက်ရောက်လာကြသော ဧည့်ပရိသတ်အပေါင်းမှ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ခဲ့သည်။

ထို့နောက် နိုင်ငံတော် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မရွှေရည်ရတနာကစောင်း ဦးမြတ်ဟိန်းမောင်နှင့် တွဲဖက်၍ ဗုဒ္ဓရောင်ခြည်တော်ဘွဲ့ ထူးမခြားနားသီချင်းတို့ကို သီကျူးပူဇော်၍ မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်း သုံးကြိမ်တီးခတ်ပူဇော်ခဲ့ကြသည်။

ထို့နောက် မြိတ်မြို့၊ လှည်းဘီးပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တလာသနထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဥပသကာများအဖွဲ့မှ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ကျောက်နှင့် ပရိတ်ချည်များကို ဆရာတော် အရှင်သူမြတ်များထံ ဆက်ကပ်ပြီး ဆရာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားတော်မူသည်။

ဆက်လက်၍ ရေသိမ်စေတီတော်ကြီး တည်ဆောက်ခြင်း၊ ဌာနပနာတော်များ သွင်းလှူပူဇော်ခြင်းနှင့် ရွှေထီးတော်တင်လှူပူဇော်ရာတွင် မပြည့်မစုံမှု၊ မှားယွင်းမှုများ ရှိပါက ခွင့်လွှတ်ပေးပါရန် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များထံ ဆရာလေး ဒေါ်ဓမ္မစာရီက တောင်းပန်လွှာ စာတမ်းဖတ်ကြားခဲ့သည်။

ထိုသို့ ဖတ်ကြားပြီးနောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် ဌာနပနာတော်များအား ဘုရားဒါယကာများ၊ ဒေဝါဝင်း၊ ရာဇာဝင်းခင်း၍ စေတီတော်ကြီးအား လက်ယာရစ် ပင့်ဆောင်ပူဇော်ပြီး မင်္ဂလာအချိန်ဖြစ်သော နံနက် ၁၀ နာရီ ၈ မိနစ်တွင် ရွှေထီးတော် တင်လှူပူဇော်ခဲ့ကြကြောင်းသိရသည်။

ယင်းနောက် အလှူရှင်များက အာရုံခံတန်ဆောင်းတွင် မြသပိတ်တော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေတို့ကို ဆက်ကပ်လှူဒါန်းပြီး ဆရာတော်အရှင်သူမြတ်များက ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါအဘိသိတ်သွန်းတော်မူကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းခဲ့သည်။

**မြင့်ဦး (မြိတ်)**

# နွေစပါးစီမံကိန်းအတွက် မြိတ်မြို့နယ်တွင် ကြိုတင်ပြင်ဆင်မှုများပြုလုပ်

**မြိတ်၊ အောက်တိုဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် နွေစပါး စိုက်ပျိုးနိုင်ရန်အတွက် ကြိုတင်စီမံမှုများ ဆောင်ရွက်သည့်အနေဖြင့် အဖိုလိုင်းအားကောင်းမွန်သည့် GW1 ပုလဲသွယ် စပါးနှင့် ဒေသနှင့်ကိုက်ညီသော သီးထပ်ရင်အပါအဝင် သက်ငယ်မျိုးသန့်များကို ကြိုတင်စုဆောင်းလျက်ရှိကြောင်းသိရသည်။

GW1 ပုလဲသွယ်မျိုးသည် မိုးများသော တနင်္သာရီတိုင်းဒေသကြီးတွင် မိုးကာလစိုက်ပျိုးရန်နှင့် ပြုစုရန် အခက်အခဲများရှိသဖြင့် နွေစပါးတွင် စိုက်ပျိုးသည့်အခါ အထွက်နှုန်းမြင့်မားစွာရရှိသောကြောင့် တောင်သူများ ကြိုတင်စုဆောင်းနေခြင်းဖြစ်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှလည်း ရေရရန် သေချာသည့် စန္ဒဝတ်ကွင်းအမှတ်(၂၅၁)၊ ဦးပိုင်အမှတ်(၈/၄၈)တွင် စံပြကွက် ၁၀ ဧက စိုက်ပျိုးပြသသွားရန်အတွက် ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် နွေစပါးရာသီ၌ ချောင်းပိတ်ရွာ ခုနစ်ရွာတွင် ဧက ၆၆၇၊ ရေတံခါးလေးရွာတွင် ၁၁၃ ဧက၊ သဘာဝဝင်ရေဖြင့် တစ်ရွာလျှင် ဧက ၃၀၊ စုစုပေါင်း ဧက ၈၁၀ စိုက်ပျိုးရန် လျာထားပြီး ယခင်နှစ်က ၂၆၈ ဧက စိုက်ပျိုး၍ ယခုနှစ်တွင် ပိုမိုစိုက်ပျိုးနိုင်ရန် အောက်တိုဘာလကုန်တွင် အောင်ရေစုဆောင်းသည့်အနေဖြင့် ချောင်းပိတ်ခြင်းလုပ်ငန်းများ၊ ရေတံခါးပိတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ နိုဝင်ဘာလဆန်းတွင် စတင်စိုက်ပျိုးကြမည်ဖြစ်သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှလည်း နွေစပါးစိုက်တောင်သူများသို့ တစ်ဧက တစ်သိန်းနှုန်းဖြင့် ချေးငွေထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

## တွံတေးမြို့နယ်တွင် သွားနှင့်ခံတွင်း ရောဂါအခမဲ့ကုသပေးခြင်းနှင့် ဟောပြောပွဲပြုလုပ်



**တွံတေး၊ အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်တွင် သွားနှင့်ခံတွင်းရောဂါနဲ့ ပတ်သတ်၍ ခံစားနေရသော ပြည်သူလူထုအတွက် ဓမ္မာလင်္ကာရပရိယတ္တိစာသင်တိုက်နှင့် လူငယ်ပရဟိတ ဆရာတော်ဦးရေဝတ၏ ဦးဆောင်မှု၊ စိတ္တသုခလူမှုရေး ကုသိုလ်ပြုအသင်းတို့၏ကူညီဆောင်ရွက်ပေးမှုဖြင့် မြို့နယ်အတွင်းရှိပြည်သူလူထုအား သွားနှင့် ခံတွင်းရောဂါများအပြင် သွားချေးချွတ်ခြင်း၊ သွားပေါက်ဖာခြင်း၊ သွားစိုက်ပေးခြင်းနှင့် အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီက ဓမ္မာလင်္ကာရ စာသင်တိုက်ရှိ ရတနာကျောင်းဆောင်တွင် ကျင်းပခဲ့သည်။

အဆိုပါ သွားနှင့် ခံတွင်းကုသမှုကို မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းခွဲဒုဥက္ကဋ္ဌ ဒေါက်တာနိုင်ထွန်းသွင် ဦးဆောင်သော သွားဆရာဝန်အဖွဲ့ဝင် ၃၀ ပါဝင်သော အဖွဲ့သည် တွံတေးမြို့နယ်တွင်းရှိ သွားနှင့် ပတ်သတ်သော ရောဂါဝေဒနာ ခံစားနေသော ပြည်သူလူထုအား သွားနုတ်ပေးခြင်း၊ သွားပေါက်ဖာပေးခြင်း၊ သွားချေးချွတ်ခြင်း၊ သွားကျောက်တည်ခြစ်ပေးခြင်းနှင့် ဆင်းရဲနွမ်းပါးသော ဝေဒနာရှင်များအား အခမဲ့သွားစိုက်ပေးခဲ့သည်။ ဓမ္မာလင်္ကာရဆရာတော် ဦးရေဝတ၏ ကျေးဇူးတော်ကြောင့် အများပြည်သူများ ခံစားနေရသော သွားနှင့်ခံတွင်း ဝေဒနာရှင်များအား အခမဲ့ကုသနိုင်ခဲ့ကြောင်း သွားရောဂါလာရောက်ပြသသူ ဝေဒနာရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**မျိုးလှိုင်(တွံတေး)**

## ပျဉ်းမနားမြို့၌ စွမ်းရည်မြှင့်သင်တန်း(၂/၂၀၁၄)ဖွင့်လှစ်

**နေပြည်တော်၊ အောက်တိုဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် စွမ်းရည်မြှင့် သင်တန်း (၂/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်) သင်တန်းကျောင်း၌ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး(ပြန်/ဆက်) ဦးတင်သန်းဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ငွေ၊ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးကျော်ဆင့်၊ နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သင်းသင်းဇင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသင်တန်းတွင် သင်တန်းသား ၃၀ တို့အား အောက်တိုဘာ ၂၀ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ တစ်လကြာသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေကုက္ကို**


## ဒေါ်ဇန်စခန်း-ဂမ်ပိုင်လမ်းတာချဲ့

**တီးတိန်၊ အောက်တိုဘာ ၂၁**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၃၂၀ ဖြင့် ဆောင်ရွက်သော ဒေါ်ဇန်စခန်း-ဂမ်ပိုင်ကျေးလက်လမ်း တာချဲ့ခြင်း လုပ်ငန်းအား မြန်မာထင်းရှူးမြိုင်ကုမ္ပဏီ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို အောက်တိုဘာ ၁၅ ရက်က ဖလမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်းနှင့် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝုန့်ပြင်းထန်တို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

**ဇိုဟေဆာ**





### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်-ကံဘဲ့၊ မြေကွက်အမှတ်(၁၁၅/က-၂)၊ ဧရိယာ(၀. ၀၃၅)ဧကအကျယ်အဝန်းရှိဒေါ်ခင်သန်းမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၈/အေ)၊ မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက် အအုံတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် အထူးကိုယ်စားလှယ်လွှဲစာရရှိပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သိန်းသိန်း[၁၂/ဗဟန(နိုင်)၀၄၆၈၃၆]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။အထက်ဖော်ပြပါ မြေကွက်၊ နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်၊ အဆောက်အအုံတို့၏ အရောင်း အဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်နီနီ(စဉ်-၇၅၅၁)
**LL.B,WIPO(SWITZERLAND)**

ဒေါ်တင်တင်လှ(စဉ်-၈၃၉၀)
**LL.B, LL.M, C.B.L**

ဦးမောင်မောင်သူရ(မြောင်းမြ)(စဉ်-၈၁၀၈)
**LL.B,A.G.T.I(EP),D.B.L,D.M.L**
**WIPO(SWITZERLAND)**

ဒေါ်ချယ်ရီလှိုင်(စဉ်-၈၈၆၁)
**LL.B,WIPO (SWITZERLAND)**

ဘဏ်ရှေ့နေနှင့် ဥပဒေအကြံပေး

တရားလွှတ်တော်ရှေ့နေများ

အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉-၇၃၁၃၄၃၃၂၊ ၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၉၆၀၊ ၀၉-၄၂၅၂၈၇၁၃၄

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၃ဒီ/၁-ဃ)၊ မြေကွက်တည်နေရာအမှတ်(၁၅)၊ ထန်းတပင်အနောက်ပိုင်းလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေပိုင်မြေ အမည်ပေါက် ဦးဘိုးလှိုက်၊ ဒေါ်ပုလေး မြေအား အမည်ပေါက် ဦးဘိုးလှိုက်၊ ဒေါ်ပုလေးနှင့် (သမီး)ဒေါ်စိန်မြတို့ကွယ်လွန်သဖြင့် ဦးထွန်းကြည်[၁၂/ကမရ(နိုင်)၀၃၉၂၇၇]ကတစ်ဦးတည်းသော အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သမက်တော်စပ်ကြောင်း သေစာရင်း၊ ကျမ်းကျိန်လွှာ၊ တိုင်းကျန်းမာရေးဦးစီးဌာနထောက်ခံချက်၊ ရပ်ကွက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တို့ကိုတင်ပြ၍ ဦးထွန်းကြည်ထံမှ (GP)အမှတ် ၂၆၁၀၇/၂၃-၉-၂၀၁၄ဖြင့် ရရှိသူဒေါ်တင်တင်ထွေး[၁၂/ကမရ(နိုင်)၀၃၁၆၉၁]က ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန်အတွက် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/တောင်၊ မြေကွက်အမှတ်(၆၆၈)၊ မြေကွက်တည်နေရာအမှတ်(၆၆၈)၊ ဇောတရုံလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးတင်ဦးအမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ဦး (ဖခင်)ဒေါ်ခင်လှ(မိခင်)နှင့် သားတစ်ဦးဖြစ်သူ ဦးထွန်းဝင်းတို့ ကွယ်လွန်သဖြင့် သားသမီးချွေးမနှင့် ဇနီးတော်စပ်သူများ ဖြစ်သော ၁။ဒေါ်လှလှဝင်း[၁၂/သကတ(နိုင်)၀၇၈၂၈၅]၊ ၂။ဒေါ်ခင်အေးမြင့်[၁၂/သကတ(နိုင်)၀၇၇၄၃၄]၊ ၃။ဒေါ်ခင်ဥ[၁၂/သကတ(နိုင်)၀၀၇၉၉၅]၊ ၄။ဦးကိုကိုဝင်း[၁၂/သကတ(နိုင်)၀၁၅၃၂၉]၊ ၅။ဒေါ်ညိုညိုဝင်း[၁၂/သကတ(နိုင်)၀၀၈၂၈၁]၊ ၆။ ဦးဖြိုးဝေအောင်[၁၂/သကတ(နိုင်) ၀၀၇၉၉၁]၊ ၇။ဦးကျော်ညွှန့်[၁၂/သကတ(နိုင်)၀၀၇၇၇၉]၊ ၈။ ဒေါ်အေးမြိုင်[၁၂/သကတ(နိုင်)၀၅၆၇၃၈]တို့ဖြစ်ပြီး အမှတ်စဉ်(၁၊၂၊ ၃၊ ၄၊ ၅၊ ၇၊ ၈)တို့မှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၁၃၆/၂၀၁၄)(၆၁၃၇/၂၀၁၄)နှင့် (၂၅၀၁၁/၂၀၁၄)ရသူ အမှတ်စဉ်(၆) ဦးဖြိုးဝေအောင်မှ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်နိုင်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ကူးစက်မြန် အီဘိုလာ ရောဂါအကြောင်း ရှင်းလင်းဟောပြော

**နေပြည်တော်၊ အောက်တိုဘာ ၂၁**

ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာ ရရှိစေရန်နှင့် ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ပွားများလာစေရန် ရည်ရွယ်၍ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ဓမ္မာရုံ၌ ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ် ရောဂါအပါအဝင် ကူးစက်ရောဂါများအား လက်ဆေးခြင်းဖြင့် ကာကွယ်ခြင်း ခေါင်းစဉ်ဖြင့် ကျန်းမာရေး ပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် နေပြည်တောင်ကောင်စီနယ်မြေ ကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်လှလှကြည်က ကူးစက်မြန် အီဘိုလာဗိုင်းရပ်စ် ရောဂါလက္ခဏာများမှာ ဖျားခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ အရည်ဝမ်းသွားခြင်းများဖြစ်ပေါ်ပြီး အသည်းနှင့် ကျောက်ကပ်များပျက်စီးကာ ခန္ဓာကိုယ်အတွင်းနှင့် အပြင်သွေးယိုထွက်မှုရှိခြင်းကြောင့် အသက်အန္တရာယ်ဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။

အထူးသတိထားရမည်မှာ အီဘိုလာရောဂါ ပိုးရှိသူ သို့မဟုတ် တိရစ္ဆာန်တို့၏ တံတွေး၊ သွေး၊ ခန္ဓာကိုယ်မှ ထွက်သော အရည်တို့နှင့် တိုက်ရိုက်ထိတွေ့ကိုင်တွယ်ခြင်း ရောဂါပိုးရှိသူ၏ ခန္ဓာကိုယ်မှထွက်သော အရည်များနှင့် ထိတွေ့ထားသောအရာဝတ္ထုများနှင့် ထိတွေ့ကိုင်တွယ်ခြင်းများပြုလုပ်မိပါက ရောဂါကူးစက်နိုင်ကြောင်းဎင်းကဆက်လက်ပြောကြားခဲ့သည်။

ယနေ့အချိန်တွင် ရောဂါကာကွယ်ကုသရန်ဆေးမရှိသေးကြောင်း၊ရောဂါကာကွယ်ရန်အရေးကြီးကြောင်း၊ အထူးသဖြင့်အီဘိုလာရောဂါဖြစ်ပွားမည့် လက္ခဏာဖြစ်ပေါ်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ကုသမှုခံယူရန် လိုအပ်ကြောင်း၊ အများပြည်သူများကလည်း မိမိ-တို့ အနီးပတ်ဝန်းကျင်တွင် ဤသို့ သံသယလက္ခဏာများ ခံစားနေရသူများ တွေ့ရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အသိပေးသတင်းပို့ရန် အထူးလိုအပ်ကြောင်း ဎင်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်မှ လက်ဆေးခြင်းဖြင့် ရောဂါကာကွယ်ခြင်းအကြောင်းနှင့် ကျန်းမာရေးမှူး ဒေါ်ချယ်ရီလှိုင်က သန့်လေးသန့်အကြောင်း ကျန်းမာရေး ပညာပေးဟောပြောခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမ ဒေါ်သိမ့်ဝေလှိုင်က စနစ်တကျ လက်ဆေးခြင်းကို သရုပ်ပြခဲ့သည်။

အခမ်းအနားသို့ နေပြည်တော် မိခင်နှင့်ကလေးကြီးကြပ်မှုအဖွဲ့ အတွင်းရေးမှူး ဒေါ်မိမိစိုး ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ ဒေသခံများ အင်အား ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**



**ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ တာပွန် နယ်မြေရှိ ၁၁ ၊ ၀ ဒသမ ၄ ၊ ၅၀ KBA ထရန်စဖော်မာသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင်ဖြစ်ပြီး ထရန်စဖော်မာနေရာအား ချုံနွယ်များ ရစ်ပတ်နေခြင်းကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် တာပွန်လျှပ်စစ်ခတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများပူးပေါင်း၍ ရှင်းလင်းသွားပြီဖြစ်ကြောင်း သိရသည်။ ယင်းနောက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အောက်တိုဘာ ၁၇ ရက်တွင် သစ်ကိုင်းသစ်ခက်များကို လျှပ်စစ်ဝန်ထမ်းများက ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။**

သတင်းနှင့် ဓာတ်ပုံ - (ဝ၇၁)

# ဇလွန်မြို့နယ်ရှိမြစ်ကမ်းပါးတစ်လျှောက် ရေကြောင်း ပြောင်းလဲရန် ဆောင်ရွက်မှု အောင်မြင်



**ဇလွန်၊ အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့၏ မြစ်ကမ်းပါးတစ်လျှောက် ဧရာဝတီမြစ်ရေတိုက်စားခြင်းကြောင့် ရေကြောင်းပြောင်းလဲမှုလုပ်ငန်းများကို မတ်လမှစ၍ တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ရာ ယခုမြစ်ရေစတင်ကျဆင်းလာချိန်တွင် ကမ်းပါးကြီးနိမ့်ဆင်းခဲ့သည့် နေရာတွင် သဲသောင်ခုံ ပြန်လည်ပြည့်တင်းဖြစ်ထွန်းလာခြင်းနှင့် ကမ်းနားရပ်ကွက် ဇောတိကလမ်းထိပ်၏ကမ်းနဖူးအနီးတစ်ဝိုက်တွင်လည်း သဲနုန်းအနည်းငယ်တင်နေကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့၏ မြစ်ကမ်းပါးတစ်လျှောက် ဧရာဝတီမြစ်ရေတိုက်စားခြင်းကြောင့် ဖေဖော်ဝါရီလအတွင်းက ပင်မရေကာတာ၏အထက် ၈၅ ကိုက်ခန့်အကွာတွင် အလျား ပေ ၁၀၀၊ အနံ ၂၇ ပေခန့် ပမာဏရှိသော ကမ်းပါးနိမ့်ဆင်းမှုကြီး ဖြစ်ခဲ့သည်။

ရေကြောင်းမှန်၍ ကမ်းပြန်လည်ဖြစ်ပေါ်စေရန် လာမည့်နှစ်တွင်လည်း လုပ်ငန်းပြီးမြောက်သည်အထိ တာဝန်ရှိသူများမှ ဆက်လက်ဆောင်ရွက်ပေးရန် ဒေသခံများက လိုလားနေကြောင်း သိရသည်။

**ဇလွန်အေးနိုင်**

## ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့အ.ထ.က(ခွဲ) စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**နောင်ချို၊ အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့ အ. ထ. က (ခွဲ) ကျောင်း၌ ပြင်ဦးလွင်မြို့ ပြည်တော်သာကျောင်း အရှင်ပုညသာမိ၏ အားပေးကူညီမှု (မြတ်ပန်းသစ္စာ) စာကြည့်တိုက်များဖြစ်မြောက်ရေးအဖွဲ့ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ စာကြည့်တိုက်ဖြစ်မြောက်ရေး ဦးပုညသာမိ (မြတ်ပန်းသစ္စာ)၊ မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

စာကြည့်တိုက်ဖွင့်ပွဲတွင် ဦးပုညသာမိ (မြတ်ပန်းသစ္စာ) က သူတော်ကောင်းတရား ခုနစ်ပါး၊ နောင်ချိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေက လူငယ်နှင့် မူးယစ်ဆေးဝါး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြက လူငယ်များစာဖတ်ပါ၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်သန်းသန်းထွေးက စာကြည့်တိုက်များဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို အသီးသီးဟောပြောကြသည်။

နောင်ချိုမြို့နယ် အ. ထ. က (ခွဲ) စာကြည့်တိုက် ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဦးလွင်မြို့၊ မဖြိုးဖြိုးသန်း၊ ရွှေပြည်ဟန်ဆေးဆိုင် (၁) ရပ်ကွက်မှ ဓမ္မ၊ သုတ၊ ရသ ၄၀၀၀၀၀ ကျပ်တန်ဖိုးရှိ စာအုပ်မျိုးစုံ ၁၁၀၀ နှင့် သတင်းစာ၊ ဂျာနယ် ၁၅၀၊ လှူဒါန်းခဲ့ရာ နောင်ချို အ. ထ. က (ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွယ်စိုးမှ ကျေးဇူးတင်စကားပြောကြားသည်။

စာကြည့်တိုက်ဖွင့်ပွဲသို့ လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများ၊ စာကြည့်တိုက်ဖြစ်မြောက်ရေး အကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**နေလင်း**


### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅. CG၊ လူနေရပ်ကွက်အမှတ်-ဆရာစံမြောက်အနောက်၊ မြေကွက်အမှတ်-(၉၃)၊ ဧရိယာ(အလျားပေ၂၀×အနံပေ၄၀) အကျယ်အဝန်းရှိ ဦးညွန့်ဖေ အမည်ပေါက်နှစ်(၆၀) ဂရန်မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဓမ္မပါလလမ်း၊ အမှတ်(၄၆) မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတို့ကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ၁။ဦးအုန်းသွင်[၁၂/ရပသ(နိုင်)၀၁၄၄၇၇]၊ ၂။ဦးကံညွန့်[၁/ပတအ(နိုင်)၀၂၇၄၀၂]၊ ၃။ဦးမြင့်အောင်[၁၂/ဗဟန(နိုင်)၀၅၃၂၉၃]၊ ၄။ဒေါ်မြင့်မြင့်စန်း[၁၂/ဗဟန(နိုင်)၀၅၁၁၉၂]၊ ၅။ဒေါ်အေးအေးအောင်[၁၂/ဗဟန(နိုင်)၀၅၂၆၉၅]၊ ၆။ဒေါ်ခင်မာလာ[၁၂/ဗဟန(နိုင်)၀၅၂၇၀၈]၊ ၇။ဦးတင်အောင်ထွေး [၁၂/ဗဟန(နိုင်)၀၀၁၂၀၀]တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်အဆောက်အအုံတို့၏ အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးမောင်မောင်သူရ(မြောင်းမြ) | ဦးဇေယျာထွန်း(စဉ်-၂၅၇၈၅) |
| **LL.B, A.G.T.I(EP), D.B.L,D.M.L** | **LL.B,WIPO(SWITZERLAND)** |
| **WIPO (SWITZERLAND)** | ဦးစိုးလွင်ဦး(စဉ်-၃၇၉၈၁) |
| တရားလွှတ်တော်ရှေ့နေ(၈၁၀၈) | **LL.B, WIPO(SWITZERLAND)** |
| ဘဏ္ဍာရှေ့နေနှင့်ဥပဒေပကြံပေး | အထက်တန်းရှေ့နေများ |

အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၀၉၅၁-၈၄၀၄၂၊ ၀၉-၃၁၁၆၇၀၈၆၊ ၀၉၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁





# စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ် အတွင်းရှိ ကျေးရွာများသို့ စွမ်းအားမြင့် A1 မီးဖိုများ ထောက်ပံ့ပေးအပ်

**မြောင်၊ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍမှ ထောက်ပံ့ပေးအပ်သည့် စွမ်းအားမြင့် A 1 မီးဖိုများအား ကျေးရွာပြည်သူလူထုသို့ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက မြောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ ဦးညွန့်ရွှေ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်နှင့် အဖွဲ့ဝင်များ၊ မြင်းမူမြို့နယ် သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိ ဦးစိုင်းမုန့်နှင့် မြောင်မြို့နယ် သစ်တောတာဝန်ခံ ဦးလှိုင်ကိုကိုတို့နှင့် ဝန်ထမ်းများ၊ နဘက်စံပြကျေးရွာအပါအဝင် ကျေးရွာပေါင်းခုနစ်ရွာမှ ပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြောင်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်က မြောင်မြို့နယ်၏ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်းကောင်း၊ မြင်းမူမြို့နယ်သစ်တောဦးစီးဌာနမှူး ဦးစိုင်းမုန့်က စွမ်းအားမြင့် A 1 မီးဖိုများထောက်ပံ့ရခြင်းနှင့် သုံးစွဲရသည့် အကျိုးကျေးဇူးများ အကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားပြီးနောက် တာဝန်ရှိသူများက စွမ်းအားမြင့် A 1 မီးဖိုများကိုပေးအပ်ရာ သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြု ဥက္ကဋ္ဌများက လက်ခံရယူကြပြီးနောက် စံပြကျေးရွာ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ မြောင်မြို့နယ်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ရှစ်ရွာအတွက် စွမ်းအားမြင့် မီးဖိုလုံးရေ ၇၁၀ ကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျေးရွာပေါင်း ခုနစ်ရွာအတွက် စွမ်းအားမြင့် မီးဖို ၆၅၀ ကိုလည်းကောင်း၊ စုစုပေါင်း ကျေးရွာ ၁၅ ရွာအတွက် မီးဖို ၁၃၆၀ ကို အခမဲ့ ထောက်ပံ့နိုင်ခဲ့၍ ယခုအခါ ကျေးရွာပြည်သူများအတွက် ထင်းသုံးစွဲမှုကို လျှော့ချနိုင်၍ ငွေကုန်သက်သာကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ခြင်းတို့ကြောင့် နှစ်ခြိုက်စွာ သုံးစွဲလျက်ရှိကြောင်း သိရသည်။

**မြင့်နိုင်စိုး (ထီးလှိုင်မြေ)**



## ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**ကလေးဝ၊ အောက်တိုဘာ ၂၁**

ကလေးခရိုင် ကလေးဝမြို့နယ် ချင်းတွင်းမြစ်ကမ်းစပ်တွင်တည်ရှိသော မထုကြီးကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ကလေးခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ကလေးဝမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းရာတွင် မထုကြီးကျေးရွာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျေးလက်ကျန်းမာရေးဦးစီးဌာန အဆောက်အအုံ ဆောက်လုပ်နေမှု၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ဆောက်လုပ်မည့်နေရာ၊ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်နိုင်ရေးနှင့် ချင်းတွင်းမြစ်ရေ တိုက်စားသွားသော ရွာကမ်းစပ်မြေပြိုကျသည့်နေရာအား အမာခံရေကာတာ ဆောက်လုပ်နိုင်ရေးတို့အတွက် ရပ်မိရပ်ဖများနှင့်အတူ ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ကြသည်။

ထိုသို့ကြည့်ရှုပြီး လိုအပ်သည့် ပံ့ပိုးမှုများ ရရှိနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ဆက်လက်တင်ပြပေးမည်ဖြစ်ကြောင်း ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ပြောသည်။

**ဂျိုးနက်**

## ဇေယျာသီရိမြို့နယ်တွင် ဒေသမျိုး၊ မျိုးကောင်းမျိုးသန့် ပွားများရေး စံပြကွက် သရုပ်ပြဟောပြော

**နေပြည်တော်၊ အောက်တိုဘာ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ၂၀၁၄-၂၀၁၅ ခုနှစ် ဒေသမျိုး၊ မျိုးကောင်းမျိုးသန့် ပွားများရေး စံပြကွက် သရုပ်ပြပွဲနှင့် တောင်သူများအား ဟောပြောခြင်းကို အောက်တို ဘာ ၁၉ ရက် နံနက် ၈ နာရီက ဇေယျာသီရိမြို့နယ် အောင်ဇေယျရပ်ကွက် မျိုးသန့်မျိုးပွားခြံ၌ ကျင်းပသည်။

ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းဦးက မျိုးသန့်မျိုးပွားများအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က တောင်သူများအား မျိုးကောင်းမျိုးသန့်နှင့် စပ်မျိုးစပါး All Gap နှင့် All ပုလဲသွယ် စိုက်ပျိုးနိုင်ရေး ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသော တောင်သူများမှ လက်ရှိစိုက်ပျိုးနေမှုနှင့် ပတ်သက်၍ ကြုံတွေ့ရသော အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းတင်ပြကြသည်။ထို့နောက် အောင်ဇေယျရပ်ကွက် မျိုးသန့်မျိုးပွားခြံတွင် စိုက်ပျိုး၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စံပြစိုက်ကွက်များသို့ တောင်သူများအား လက်တွေ့ရှင်းလင်းသရုပ်ပြသပြီး သရုပ်ပြဟောပြောပွဲသို့ ဇေယျာသီရိမြို့နယ်အတွင်းရှိ အုပ်စု ၁၃ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူဦးကြီးများ ၁၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထက်ထက် (ပန်းသခင်)**

## မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) ဆိုင်းဘုတ်တင်ပွဲ ပျော်ဘွယ်တွင် ကျင်းပ

**ပျော်ဘွယ်၊ အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ် မိုးနံကုန်းအုပ်စု ကျီးရိုးကျေးရွာတွင် ကျင်းပခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း(MANA) ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကျင်းပရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ဆွေ၊ ပျော်ဘွယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းငွေးဦးနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်(MANA)အသင်းနာယကများ၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ် (MANA)အသင်း အဖွဲ့ဝင်များ၊မြို့နယ် အထောက်အကူပြု မြို့မိမြို့ဖ၊ ရပ်/ကျေးအုပ်ချုပ်ရေး ရပ်မိရပ်ဖများ၊ အသင်းဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မင်္ဂလာအချိန်တွင် ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ဆွေ၊ ခရိုင် (MANA) အသင်းနာယက ရဲမှူး(ငြိမ်း) ဦးဇော်မင်းတို့က မိုးနံကုန်းအုပ်စုမှူး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဆိုင်းဘုတ်ကို ဖွဲ့ကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရမည်းသင်းမြို့နယ် ဝါးတီးအုပ်စု မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဆိုင်းဘုတ်တင်ပွဲကို ဝါးတီးကျေးရွာတွင် ဆက်လက်ပြုလုပ်ရာ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ရမည်းသင်းမြို့နယ် (MANA) အသင်း ဥက္ကဋ္ဌ ဦးမျိုးဝင်းသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယပိုင်း အခမ်းအနားအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ခရိုင် (MANA) အသင်းနာယက၊ ဖွဲ့စည်းရေးမှူး ဦးမင်းဟိန်းခန့်တို့က အမှာစကားနှင့် အသင်းကြီး၏ ရည်ရွယ်ချက်များကိုပြောကြားခဲ့သည်။

ထို့နောက်အသင်းမှအုပ်စု အမှုဆောင်တစ်ဦးက ပြန်လည်ကျေးဇူးတင်စကား ပြောကြားသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**


ဆောက်လုပ်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးနှင့် MBA ဘာသာရပ်များအကြောင်း လေ့လာလိုသူများအတွက် ပညာသင်ဆု လျှောက်ထားနိုင်မည့် အခွင့်အရေး

- Diploma in Construction Engineering
- Bachelor of Applied Management
- Diploma in Tourism & Hospitality Management / Bachelor of Hospitality Management
- Postgraduate Diploma in Tourism & Hospitality Management
- MBA in (Marketing / Health Services Management / Human Resource Management)

Date - 23.10.2014 (Thurs)
Time - 1:00 pm to 3:00 pm
Venue - SR Worldwide Education Office

SR Worldwide Education


**အသိပေး ကြော်ငြာခြင်း**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/ရွှေပေါက်ကံ၊ မြေကွက်အမှတ်-၅၈၀၊ မြေကွက်တည်နေရာအမှတ်-၅၈၀၊ ညောင်ရမ်းလမ်း၊ ဒေါ်ကြည်ကြည်ငွေ(အင်န်ဘီအင်န်-၁၀၂၁၀၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်ကြည်ကြည်ငွေထံမှ အရောင်းစာချုပ်အမှတ်၂၀၀၅/၂၀၁၄(၆-၅-၂၀၁၄)ဖြင့်ရရှိသူ ဦးမြသွင်ထွန်း[၉/မမန(နိုင်)၀၄၁၀၂၂] မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဒေါ်ကြည်ကြည်ငွေ အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မူရင်းစာချုပ်အမှတ်-၁၀၈၀(၁၂-၅-၉၇)အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-(၃၁၂၅၊ ၃၁၂၆)၊ မြေကွက်တည်နေရာအမှတ်-၃၁၂၅၊ ၃၁၂၆၊ ဦးအောင်မြတ်လမ်း၊ ဒလမြို့နယ်၊ (ဒေါ်စိန်ချစ်) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်စိန်ချစ်ထံမှ (၁၅-၉-၁၉၉၅) နှင့်(၁၅-၁၁-၂၀၁၁)ရက်နေ့ အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူထားသူဦးဘေရာမူတူး(ခ)ဝင်းနိုင် [၁၂/မဂတ(နိုင်) ၀၀၀၁၉၇]၊ (၂၆-၉-၂၀၁၃)ရက်နေ့ ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ပါကျွန်းရီတာ [၁၂/မဂတ(ပြု)၀၀၁၁၁၅]မှ (၂၁-၈-၂၀၁၄)ရက်နေ့ ကတိသစ္စာပြုလွှာ၊ သေစာရင်း၊ ထောက်ခံကတိသစ္စာပြုလွှာတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ရေအရင်းအမြစ်စီမံခန့်ခွဲရာတွင် သုံးလိုအားနှင့် ထုတ်နိုင်အား ဟန်ချက်ညီရန်လိုအပ်

**နေပြည်တော် အောက်တိုဘာ ၂၁**

အမျိုးသားအဆင့် ရေညီလာခံ ၂၀၁၄ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ ကျွမ်းကျင်ပညာရှင်များ၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာမြေကြီးပေါ်တွင်ရှိသည့် သတ္တလောကအနွယ်ဝင်တိုင်းနှင့် ဂေဟစနစ်များသည် ရှင်သန်ရပ်တည်ရန်

**စာမျက်နှာ ၈ ကော်လံ ၃ သို့**



ဒုတိယသမ္မတ ဦးညဏ်ထွန်း အမျိုးသားအဆင့် ရေညီလာခံ ၂၀၁၄ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ယနေ့မာတိကာ

လတ်တလော ဖြစ်ပေါ်နေသည့် သတင်းမီဒီယာ အရေးကိစ္စများအား အဖြေရှာရန် ဆွေးနွေး
စာမျက်နှာ -၃

ရောဝတီမြစ်ကမ်းပေါ်မှ ဖိုခုံလောက်ဆိုင် ခံတပ်များ
စာမျက်နှာ -၆

တရုတ်ယဉ်ကျေးမှုရောင်စုံ ယူနန်ဆပ်ကပ် အနုပညာအဖွဲ့ ရန်ကုန်မြို့၌ ဖျော်ဖြေမည်
စာမျက်နှာ -၁၂

ရီးယဲလ်တိုက်စစ်မှူး ဂါရတ်ဘေးလ် လီဗာပူးနှင့်ပွဲစဉ် လွဲချော်မည်
စာမျက်နှာ -၁၃

# ခုံးကျော်တံတားများတည်ဆောက်ခြင်းသည် ကာလတိုဖြေရှင်းမှုသာဖြစ် ရေရှည်စီမံကိန်းဖြင့်သာ ရန်ကုန်မြို့ပြစီမံကိန်းကို ဆောင်ရွက်သင့်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်မြို့တော်အတွင်း ခုံးကျော်တံတားများ တည်ဆောက်ခြင်းသည် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်နေခြင်းအပေါ် ကာလတိုဖြေရှင်းမှုတစ်ခုသာဖြစ်ပြီး ရေရှည်စီမံကိန်းများဖြင့်သာ ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်သင့်ကြောင်း မြို့ပြရေးရာ ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

လက်ရှိ ရန်ကုန်မြို့တော်အတွင်း ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေရာတွင် ယာဉ်ထိန်းအင်ဂျင်နီယာလုပ်ငန်း၊ စီမံခန့်ခွဲမှုနည်းလမ်းများဖြင့်သာ ဖြေရှင်းဆောင်ရွက်သင့်ပြီး ရေရှည်ကောင်းမွန်သော မြို့ပြစီမံကိန်းများဖြင့်သာ ဆောင်ရွက်သင့်ကြောင်း၊ ကားလမ်းကူးခုံးကျော်တံတားများ တည်ဆောက်ခြင်းသည် လိုအပ်ချက်ရှိသော်လည်း ကာလတိုဖြေရှင်းမှုတစ်ခုသာဖြစ်ပြီး ပိတ်ဆို့မှုဖြစ်ပွားရာနေရာတစ်ခုကိုသာ ပြေလည်မှုရရှိစေ၍ ကျန်ဆက်စပ်နေရာများအားလုံးတွင် ယာဉ်ကြောပိတ်ဆို့မှုများ

### အိုရှေ့စင်ဝင်း

ပိုမိုဖြစ်ပေါ်စေသည်ဟု မြို့ပြရေးရာကျွမ်းကျင်သူများက အောက်တိုဘာ ၁၈ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသော အမျိုးသားမြေအသုံးချမှုမူဝါဒ မူကြမ်းအပေါ် အကြံပြုချက်များ ရယူခြင်းဆွေးနွေးပွဲသို့ တက်ရောက်လာစဉ် သုံးသပ်ဖြေကြားခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့**



# ပထမနေရာမှ ခြေစစ်ပွဲအောင်လာသည့် မြန်မာအသင်းပြန်လည်ရောက်ရှိ

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

အာဆီယံ ဘောလုံးအဖွဲ့ချုပ် (AFF)က ကြီးမှူးကျင်းပသည့် ၂၀၁၄ အာဆီယံဆူဇူကီးဖလား ခြေစစ်ပွဲတွင် ရမှတ် ၁၀ မှတ်ဖြင့် ပထမနေရာမှ ခြေစစ်ပွဲအောင်လာသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ ခြေစစ်ပွဲအောင် မြန်မာအသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ MNL ကလပ်အသင်းပိုင်ရှင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။**(ဝဲပုံ)**

မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစစ်ပွဲတွင် အိမ်ရှင်လာအို၊ တီမော၊ ဘရူနိုင်း၊ ကမ္ဘောဒီးယားအသင်းတို့နှင့်ယှဉ်ပြိုင်ခဲ့ရပြီး အဖွင့်ပွဲတွင် တီမောအသင်းနှင့် ဂိုးမရှိသရေကျသည်မှလွဲ၍ ဘရူနိုင်းအသင်းကို သုံးဂိုး-တစ်ဂိုး၊ ကမ္ဘောဒီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အိမ်ရှင်လာအိုအသင်းကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် သုံးပွဲဆက်အနိုင်ရကာ ရမှတ် ၁၀ မှတ်ဖြင့် ပထမနေရာမှ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းမှာ ပထမနေရာမှ ခြေစစ်ပွဲအောင်မြင်ခဲ့သောကြောင့် စင်ကာပူနိုင်ငံတွင် ကျင်းပမည့် အုပ်စု(ခ)တွင် လက်ရှိချန်ပီယံ စင်ကာပူ၊ ထိုင်း၊ မလေးရှားတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။ အုပ်စု(က)ကို ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် လာအိုတို့ ပါဝင်လျက်ရှိသည်။ နောက်ဆုံးအဆင့် အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၂၂ ရက်မှ ၂၉ ရက်အထိကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမှာ နိုဝင်ဘာ ၂၃ ရက်တွင် မလေးရှားအသင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် စင်ကာပူအသင်း၊ နိုဝင်ဘာ ၂၉ ရက်တွင် ထိုင်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းမှာ

**စာမျက်နှာ ၈ ကော်လံ ၅ သို့**



## ခရမ်းကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ခရမ်း အထက(၁)၊ အထက(၂)(မြို့မ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။ အသက်(၆၀)ပြည့်ပင်စင်ယူပြီးသော ဆရာ၊ ဆရာမကြီးများပူဇော်ခံကြွရောက်ကြပါရန်နှင့် တပည့်ကျောင်းသား၊ ကျောင်းသူများအားလုံး တက်ရောက်ကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ - သာသနာ့ဗိမာန်တော်သကျမာရဇိန်သွန်းဘုရားကြီး၊ ခရမ်းမြို့။
ကျင်းပမည့်နေ့ရက် - ၂၈-၁၂-၂၀၁၄ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက်၉း၃၀နာရီ

**ဆက်သွယ်လှူဒါန်းလိုပါလျှင်**

**ခရမ်းမြို့မှ**
၁။ ဦးစိန်သန်းအောင် ၀၉-၄၂၀၁၇၄၈၂၁
၂။ ဦးသက်ထွန်းဦး ၀၉-၄၉၂၃၂၄၂၈
၃။ ဦးကျော်ထက်လင်း-၀၉-၈၆၄၆၁၁၉
၄။ ဦးမြင့်သက်ဦး ၀၉-၄၄၈၀၁၈၉၁၀
၅။ ဦးမောင်တီး ၀၉-၄၅၀၀၁၅၃၃၆
၆။ ဦးမိုးကျော်ခိုင် ၀၉-၈၆၄၅၇၀၁
၇။ ဒေါ်အေးယုမာ ၀၉-၄၂၀၂၃၀၈၁၁

**ရန်ကုန်မြို့မှ**
၁။ ဦးဇော်လင်း ၀၉-၅၅၀၂၀၁၃
၂။ ဦးလမင်း ၀၉-၅၁၇၆၅၇၄
၃။ ဦးသက်နောင်ဝင်း ၀၉-၇၃၀၅၀၂၂၂
၄။ ဦးလှမျိုးဆက် ၀၉-၈၆၄၅၄၁၄
၅။ ဒေါ်မြင့်သက်ခိုင် ၀၉-၅၁၆၃၁၀၉
၆။ ဒေါ်ယဉ်ယဉ်သန်း ၀၉-၅၁၉၀၈၁၃
၇။ ဦးတင်မျိုးနိုင် ၀၉-၅၀၄၇၇၃၆

**နေပြည်တော်မှ**
၁။ ဦးဇော်မျိုးအောင် ၀၉-၄၉၂၂၀၀၅၉

ရပ်ဝေးရပ်နီးမှတပည့်များ၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်-၀၄၀၁၂၂၀၀၁၁၇၄၂(ရွှေဘုံသာ)ဘဏ်ခွဲသို့ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

၂၈-၁၂-၂၀၁၄ရက် နံနက် ၇နာရီတွင် ရန်ကုန်စက်ဆန်း မထသကားဂိတ်မှကားများ ခရမ်းမြို့သို့ ထွက်ခွာပါမည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန၊ စက်မှုပညာပြန်ကြားရေးဌာန(စာကြည့်တိုက်)အတွက် Technical Books များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်- ၂၀-၁၀-၂၀၁၄ရက်မှ ၃၀-၁၀-၂၀၁၄ရက် အထိ

၃။ အိတ်ဖွင့်တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အမှတ်(၆)၊ ကမ္ဘာအေးစေတီလမ်းနှင့် ကံဘဲ့လမ်းထောင့်၊ ဖုန်း ၀၉-၄၃၀၃၉၈၈၆၊ ၀၉-၃၁၅၇၈၀၄၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန**

## အထက(၅)ဗိုလ်တထောင် အာစရိယပူဇော်ပွဲ (၁၉၉၄-၁၉၉၅ ပညာသင်နှစ်)

၁၉၉၄-၁၉၉၅ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ အတူတကွ မပျက်မကွက်(မပျက်မကွက်) တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၆-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀နာရီမှမွန်းတည့် ၁၂း၀၀နာရီ
ကျင်းပမည့်နေရာ - ရွှေကျင်ကျောင်းတိုက်(ပုဇွန်တောင်စာတိုက်နှင့် ကုန်သွယ်မှုဗဟိုဌာနအနီး)

**အသေးစိတ်သိရှိလိုပါက-၀၉-၅၀၈၂၈၈၃၊ ၀၉-၅၀၉၉၈၂၄၊ ၀၉-၂၅၄၂၀၃၀၈၉၊ ၀၉-၅၅၁၄၄၅၅၊ ၀၉-၅၄၀၈၈၃၂ သို့ ဆက်သွယ်နိုင်ပါသည်။**

## ချင်းတွင်းအသင်း(ရန်ကုန်) စုပေါင်းမဟာဘုံကထိန်ဖိတ်ကြားခြင်း

ချင်းတွင်းအသင်း(ရန်ကုန်)၏ (၂၁)ကြိမ်မြောက် ဘုံကထိန်ကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ ချင်းတွင်းနယ်သူ၊ နယ်သားများ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ လှူဖွယ်ဝတ္ထုပစ္စည်းများကို ၂၂-၁၀-၂၀၁၄ရက်နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်များထံပေးပို့လှူဒါန်းနိုင်ပါကြောင်းနှင့် ဘုံကထိန်ကျင်းပမည့်နေ့တွင် လှူဖွယ်ဝတ္ထုပစ္စည်းများယူဆောင်လာကြပါရန် နှိုးဆော်အပ်ပါသည်။

ကျင်းပမည့်နေ့ရက် ။ ။၂၆-၁၀-၂၀၁၄(တနင်္ဂနွေနေ့)(တန်ဆောင်းမုန်းလဆန်း ၄ရက်)
ကျင်းပမည့်အချိန် ။ ။ နံနက် ၉း၀၀နာရီ
ကျင်းပမည့်နေရာ ။ ။ အနုတ္တရောပုရိသဒမ္မသာရထိမွောရုံ(ချင်းတွင်းအသင်းမွောရုံ) နဝဒေးစွယ်တော်မြတ်စေတီတော်ဝင်းအတွင်း

ဆက်သွယ်လှူဒါန်းရန်။ ။ ဦးဇော်ဝိတ် ၀၉-၅၁၄၃၄၃၇၊ ဦးအောင်ဝင်း ၀၁-၅၂၂၀၃၂၊ ဦးသိန်းလွင် ၀၉-၅၀၀၂၃၆၃၊ ဦးမြင့်ဆွေ ၀၉-၅၁၄၇၈၈၃၊ ဒေါ်ကြူကြူ ၀၁-၅၈၁၁၀၉

**နေ့လယ်စာဖြင့်ဧည့်ခံကျွေးမွေးပါမည်။**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းကျောက်ဖြူ GT-ရမ်းဗြဲနှင့် ကျောက်ဖြူ GT-မဒဲ ၆၆ကေဗွီဓာတ်အားလိုင်းများအတွက် လိုအပ်သော(၁၅)မီတာ ကွန်ကရစ်ကျောက်တိုင်များကို မြန်မာကျပ်ငွေဖြင့် ကျခံသုံးစွဲ၍တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် -၂၀-၁၀-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် - ၃၁-၁၀-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း ၀၆၇-၄၁၀၂၈၂**

## ဂုဏ်မြင့်သူ

ဆံပင်သန်၊ ဆံပင်ပေါက်ဆေး



UMG Myanmar Co., Ltd.
UMG
Auto Mechanic Development Program M (10) Posts

UMG Myanmar Co., Ltd.
UMG
Management Training Development Program M/F (12) Posts

## ရွှေရတုတိပိဋကစက္ခုပါလမျက်စိဆေးရုံ
## ထီးဆောင်းကျေးရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
### (မျက်စိစွေစောင်းဝေဒနာရှင်ကလေးများအား အလင်းလက်ဆောင် ပေးလှူမည့် အစီအစဉ်)

ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ၏ သက်တော်(၄၉)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အလှူတော်အဖြစ် ထိုင်းနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီး Dr.Rattiya Pornchaisuree ဦးဆောင်သော ဆရာဝန်သူနာပြုအဖွဲ့များသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မျက်စိစွေစောင်းဝေဒနာရှင်ကလေးများအား အခမဲ့ခွဲစိတ်ကုသ ပြုပြင်ပေးမည် ဖြစ်ပါသည်။

| | | |
|---|---|---|
| မျက်စိဝေဒနာအမျိုးအစား | - | မျက်စိစွေစောင်းခြင်း<br>(Muscle correction & to correct squint) |
| ကုသမည့်နေ့ရက် | - | ၃၁-၁၀-၂၀၁၄ ရက်မှ ၆-၁၁-၂၀၁၄ ရက် |
| ကုသမည့် အရေအတွက် | - | (၁၀၈)ဦး |
| ရောက်ရှိသတင်းပို့ရမည့်နေ့ | - | ၃၁-၁၀-၂၀၁၄ ရက် နံနက် ၉ နာရီ |
| အသက်အရွယ် | - | အသက်(၂)နှစ်မှ (၁၀)နှစ်အတွင်း<br>**သတ်မှတ်ဦးရေ မပြည့်ပါက (၁၀)နှစ်အထက်ကလေးများကို ကုသပေးပါမည်။** |

ဆက်သွယ်စာရင်းပေးရန် ဖုန်း-၀၉-၄၀၀၅၁၅၃၆၂၊ ၀၉-၃၃၁၉၅၄၈၂၊ ၀၉-၂၅၆၀၆၆၁၅၁

မျက်စိအတွင်းတိမ်နှင့် အခြားမျက်စိဝေဒနာရှင်များကို နီပေါနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီး Dr. Bidya Prasert Pant မှ နေ့စဉ် လူနာ(၅၀)ဦး ခွဲစိတ်ကုသပေးလျက်ရှိပါသည်။

ရွှေရတုတိပိဋကစက္ခုပါလ မျက်စိဆေးရုံတွင် တစ်နှစ်တာကာလအတွင်း ပြင်ပလူနာ(၁၅၆၀၀)ဦးနှင့် ခွဲစိတ်ကုသပြီး လူနာ(၄၅၀၀)ဦးအား အလင်းလက်ဆောင် ပေးလှူနိုင်ခဲ့ပါသည်။

ကောင်းမှုရှင်များအနေဖြင့် မိမိတို့ကောင်းမှုအား ဝမ်းမြောက်စွာ သာဓုအနုမောဒနာ ပြုနိုင်ကြပါသည်။

ဆေးရုံကြီးရေရှည်တည်တံ့ခိုင်မြဲ၍ စဉ်ဆက်မပြတ် အလင်းလက်ဆောင် ပေးလှူနိုင်ရန်အတွက် ကုသိုလ်ရှင်များကိုလည်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

**ရွှေရတုတိပိဋကစက္ခုပါလမျက်စိဆေးရုံ**


နာလန္ဒာ


## စစ်ကိုင်းရွှေဟင်္သာသာစံကျောင်း ဘုံကထိန်လျာသင်္ကန်း
## ကပ်လှူပူဇော်ပွဲ

စစ်ကိုင်းရွှေဟင်္သာစံကျောင်း (၂၂)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်းကပ်လှူပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညို ပူဇော်ကြပါရန် စံကျောင်း ဒါယကာ၊ ဒါယိကာမ မိသားစုများအား လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက် (တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် ၉ နာရီ |
| ကျင်းပမည့်နေရာ | - | **"ရွှေဟင်္သာဆရာတော်ကြီး အထိမ်းအမှတ်ဓမ္မာရုံ"**<br>စစ်ကိုင်းရွှေဟင်္သာစံကျောင်း၊ အမှတ်(၁၉/က)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ |


မြေညီဆိုင်ခန်းကျယ်
ငှားမည်
ပေ(၂၅×၅၀)၊ ပြင်ဆင်ပြီး
လမ်းသစ်လမ်းကျယ်၊ လမ်းမတော်
ဖုန်း - ၀၉၅၀၁၆၅၄၃



Yellow Earth Travel & Tour


### သွေးသည် အသက်


GETC
building a better future
Communicative English · General English · IELTS
Pre-school



MCC
DIPLOMA IN COMPUTER ARTS (Dip.CA)
Specialized in "Character Animation & Advanced Media"
Semester (1,2)
Graphic Production for Exporting any Media
Video/Audio Production, Motion Graphics & Visual Effects
Character Animation & Advanced Media
Specialized in "Multimedia & Infocom Technology"
Semester (1,2)
Graphic Production for Exporting any Media
Rich Media Content Creation, Interactive TV & Streaming Video
Multimedia & Information Communication Technology



National Management College (NMC)
ADVANCED DIPLOMA IN BUSINESS MANAGEMENT
နှင့်
ADVANCED DIPLOMA IN FINANCE & BANKING
(က) Advanced Diploma in Business Management (ADBM)
(ခ) Advanced Diploma in Finance and Banking (ADFB)
DBM နှင့် DFB
The Open University of Hong Kong ၏ Bachelor of Business Administration (Finance and Banking/Management) BBA
STI Myanmar University

GAYA Office- Rajapur Buddha Gaya Pin-824231, Mobile: +918292798371

ဂုဏ်ယူဝမ်းမြောက်ကြောင်းဆုမွန်ကောင်းတောင်းခြင်း

# TOKYO PIPE မှ

နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေးစီမံခန့်ခွဲမှုစနစ်
ISO (9001 : 2008) Certificate လက်မှတ်ရရှိခြင်းအတွက်
ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းများယခုထက်
ပို၍ ကြီးပွားတိုးတက်အောင်မြင်ပါစေကြောင်း
ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

မြန်မာနိုင်ငံပလတ်စတစ်လုပ်ငန်းရှင်များအသင်း
မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရောင်းချရေးလုပ်ငန်းရှင်များအသင်း

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)

Diploma in Tourism Studies and Management (DTSM)

ခြေတွက်ဝယ်လိုသည်

09 250644566
09 255781353
09 254046497

- 09450018866, 0973494343, 0973054542

## မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ
- ချည်သား T.Shirt M - 1000 ကျပ် (မှစ၍)
  Shirt အင်္ကျီ - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  Style Pants - 2950 ကျပ်
  ဦးထုပ် - 950 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
- **Ph:01-292129, 09-250388594, 09975596350**
- **E-mail:kyonedoe@gmail.com**

## မင်းကင်းကျောင်းတိုက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ မင်းကင်းကျောင်းတိုက်၌ ပုရိမဝါမှ ထတော်မူကြသော သံဃာတော်အရှင်သူမြတ်တို့အား ကထိန်ဒါယကာ- ဦးဇော်မင်း-ကထိန်ဒါယိကာမ-ဒေါ်သီတာဝင်း (သား)မောင်ရာဇာဇော်မင်းမိသားစုတို့က မတည်၍ စုပေါင်းမဟာဘုံကထိန် သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၄ ရက်) ၂၆-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရေစက်ချလှူဒါန်းမည်ဖြစ်ပါသည်။

**ကထိန်ပွဲဖြစ်မြောက်ရေးအဖွဲ့**
**ဖုန်း-၀၁-၅၅၆၆၃၃**


GOLDEN VIEW MYANMAR Travels & Tours

Oct 25, Nov 1,5- 35000

Air-Con Express, Restaurant, Guide

YWCA


## ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း(၁)လမ်း၊ အမှတ်(၁၂)၊ (၄လွှာ-A)၊ အကျယ်အဝန်း ပေ(၁၂½ ×၅၀) ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသော ဦးစိုးမြင့်ထွန်း[၁၁/စတန(နိုင်)၀၅၆၂၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းဝင်း[၁၂/လမတ(နိုင်)၀၂၂၇၃၉]မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်းအပါအဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးချစ်(LL.B) ဥပဒေအကြံပေးနှင့် ဥပဒေအကျိုးဆောင်**
**ရွှေစံမြတ်အထွေထွေဝန်ဆောင်မှုလုပ်ငန်း**
**အမှတ်(၃၁)၊ မြေညီ၊ (၉)လမ်း၊ လမ်းမတော်၊ Ph: 01227500, 09-5107547**


Horoscopes


## M.S Fashion
## Dress Marking & Design Training

- အခြေခံ (Blouses & Skirts)
- အဆင့်မြင့် (Wedding Dress, Patten Magie, Drapping)
- Fashion Illustration
- ပွဲထိုင်လက်ကိုင်အိတ်၊ Hand Made & Fancy များ

**ခေတ်မီစင်တီမီတာနည်းဖြင့် သင်ကြားပေးသည်။**
**လစဉ်-တန်းခွဲရှိသည်။**
**Designer- မမြတ်ဆုမွန်(ခ)မမြတ်သီတာစိုး**
**B.S(Chem) Q, Dip in B.D.S, Dip in Do Zo Japan Fashion Design**

လိပ်စာ ၁။ အမှတ်(၂၇၁)၊ (၁၃)လမ်း၊ (၃) ရပ်ကွက်၊ ငွေကြာရံရိပ်သာ၊ တောင်ဥက္ကလာပမြို့နယ်၊
၂။ တိုက်အမှတ်-၄၄၊ ပထမထပ်၊ သီတာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊

**ဖုန်း-၀၉-၇၃၁၄၆၇၂၈**
**E-mail: myatsumon 2008 @ gmail.com**

## အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၁)၊ မြေကွက်အမှတ်(၃၆၄)၊ မြေအကျယ်အဝန်း (၄၀×၆၀)ပေရှိ ဒေါ်မရီနာကျော်မြ (NYHE -145418)၊ အမည်ပေါက်ပါမစ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက်ထံမှ အဆင့်ဆင့်စာချုပ်ဖြင့် ဒေါ်ဝါဝါဝင်း [၁၀/မလမ(နိုင်)၁၅၂၉၅၅]က ဝယ်ယူပိုင်ဆိုင်လက်ရှိရရှိထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ပါမြေနှင့်ပတ်သက်ပြီး ပိုင်ရှင်ဒေါ်ဝါဝါဝင်း၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ကျူးကျော်ခြင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်း၊ ဂရန်လျှောက်ထားခြင်း၊ ပါမစ်ပျောက်မိတ္တူလျှောက်ထားခြင်းများအပါအဝင် ပိုင်ရှင်အကျိုးထိခိုက်နစ်နာစေမည့် မည်သည့်ကိစ္စကိုမျှ မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A.Psy)**
**အထက်တန်းရှေ့နေ (စဉ်-၁၈၆၀၉)**
**အမှတ်(၂၆၀)၊ ပ-ထပ်(ဝဲ)၊ လမ်း၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၃၅၈၃၊ ၀၉-၂၅၀၀၁၁၇၇၆**


ရွှေမြင့်မိုရ် ကထိန်သင်္ကန်း

သူတို့လေးတွေအပေး ကျွန်တော့်အဖြေ
အောင်သင်း
ပညာရေးသည် နိုင်ငံရေးဖြစ်သည်
ဒေါက်တာအောင်သင်း
တရားမျှတလွတ်လပ်ခြင်းနဲ့မွေး
မောင်သိန်းလွင်
ပန်းလက်ဆောင်
တင်မိုး
ခေတ်သစ်ပညာရေးအတွေးအမြင်များ
စာရေးဆရာ၊ဆရာမများ

E.P.S (TOPIK)
Khine Language Centre
09-73026940
09-250641687

